# မြန်မာ့ သံတော်ဆင့်
THE MYANMAR HERALD
အပတ်စဉ်သတင်း
အတွဲ ၃၊ အမှတ် (၁၈)၊ ဇူလိုင် ၁၂ - ၁၈၊ ၂၀၁၄ ခုနှစ်
မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ၌ ထူထောင်သည်


မြန်မာ့သံတော်ဆင့်အနေဖြင့်
လွတ်လပ်သော ပုဂ္ဂလိကမီဒီယာစစ်စစ်
7 day နှင့်သူ့ရိုယနေဝန်းတို့၏
ရေးသားချက်များမှာ မှန်ကန်မှုမရှိ . . .

စာမျက်နှာ ၄ သို့ ➢

# ဦးအောင်သောင်း ပြန်လာပြီ


ဓာတ်ပုံ - ဆန်းဝင်းထွန်း

စာမျက်နှာ ၅ သို့ ➢

## ယူနတီဂျာနယ်အမှုဆောင်အရာရှိချုပ်နှင့် သတင်းထောက်လေးဦးအား ထောင်ဒဏ် ၁၀ နှစ် ချမှတ်

''လွန်ခဲ့တဲ့ (၄)လလောက်က တစ်ခါဖြေပြီးပါပြီ။ ဘာသာရေးနဲ့ တပ်မတော်ကို ခုတုံးလုပ်တဲ့လုပ်ရပ်တွေ ပိုမြင်တွေ့ရမယ်။ မီဒီယာအတွက် ငွေကြေးစိုက်ထုတ်သူတွေကို ဖိအားပေးလို့ ရရင်ရ၊ မရရင် အမှုဆင်ဖမ်းတာတွေ ရှိလာမယ်ဆိုတာ. . . ''

မြန်မာပို့စ်နှင့် မြန်မာပို့စ်ဂလိုဘယ် ပေါ်လစီဒါရိုက်တာ ဦးမျိုးညွန့်မောင်

စာမျက်နှာ ၃၂ သို့ ➢

## မဆလကာချုပ်ဟောင်း သူရဦးကျော်ထင်၏သား ပြည်သူကို တောင်းပန်ရ

စာမျက်နှာ ၃၅ သို့ ➢



## ပြည်ထဲရေးဝန်ကြီးဌာန သမ္မတကို အာဏာဖီဆန်

စာမျက်နှာ ၃၅ သို့ ➢

## အမုန်းကွန်ရက်

ဦးအောင်သိန်းလင်း၊ ဦးနေမျိုးဝေ၊ NDF ပါတီက ဒေါ်ခင်ဝိုင်းကြည်

စာမျက်နှာ ၂၀ သို့ ➢

## ကြက်ခြံသုံးခြံကိစ္စ သမ္မတရုံးဒုဝန်ကြီး အသေးစိတ်ဖြေကြား

စာမျက်နှာ ၈ သို့ ➢



## ပုဂ္ဂိုလ်ရေးအရ ဝန်ကြီးအပေါ်ကုန်းပိုးစီးပြီး အောက်ကိုလျှော့ချမည့် လူအချို့

စာမျက်နှာ ၂၉ သို့ ➢

## ဦးရဲထွဋ် ပျောက်နေ

စာမျက်နှာ ၂ သို့ ➢

### 'ကျောင်းသားတွေကို အစိုးရက သွေးတိုးစမ်းနေတယ်'

သမဂ္ဂလုပ်ငန်းဆောင်တာတွေကို ကျောင်းထဲမှာ တရားဝင်လုပ်ခွင့်မရတဲ့အတွက် အများကြီးမျိုးဆက်ကွာဟမှုဖြစ် ကိုကျော်ဇိုကို



စာမျက်နှာ ၁၄ သို့ ➢

## ဝန်ကြီးဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးစင်တာမှ အလှူရှင်များအား ကန့်သတ်နေဟု သတင်းထွက်

စာမျက်နှာ ၂၀ သို့ ➢




## NLD ကောင်းကြောင်းနှင့် အစိုးရမကောင်းကြောင်း မရေးရန် CEO နှင့် ထုတ်ဝေသူဖိအားပေး၍ လူထုပုံရိပ်ဂျာနယ် အယ်ဒီတာ(၃)ဦးနုတ်ထွက်

စာမျက်နှာ ၁၅ သို့ ➢

# မြန်မာသံတော်ဆင့်ကြေညာချက်

မြန်မာသံတော်ဆင့်သတင်းဂျာနယ်ကို အပတ်စဉ်ထုတ်ဝေလျက်ရှိရာ တစ်ပြည်လုံးအတိုင်းအတာဖြင့် စာဖတ်ပရိသတ်များစွာ အားပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ် ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများမှတစ်ဆင့် စနစ်တကျ ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

မြန်မာသံတော်ဆင့် စတင်ထုတ်ဝေသည်မှစ၍ ယနေ့တိုင် မည်သည့်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိအဟောင်း၊ အသစ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းထောက်ပံ့မှုများ အပေးအယူပြုလုပ်ခြင်းမရှိဘဲ အဆင့်မြင့်သတင်းစာပညာဖြင့် လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုလိုသည့် လူငယ်များစုပေါင်း၍ တည်ထောင်ထုတ်ဝေလျက်ရှိပြီး အများပြည်သူလက်ခံသော မီဒီယာအဖွဲ့အစည်းတစ်ရပ်အဖြစ် အောင်မြင်စွာ ရပ်တည်လျက်ရှိပါသည်။

မြန်မာသံတော်ဆင့်၏အောင်မြင်မှုဆိုသည်မှာ အနယ်နယ်အရပ်ရပ်ရှိ လူထုလူတန်းစား ပေါင်းစုံဖတ်ရှုအားပေးလျက်ရှိသော မြန်မာသံတော်ဆင့်သတင်းစာစောင်ရေကို လေ့လာကြည့်ရှုသုံးသပ်၍ သိရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာသံတော်ဆင့်အနေဖြင့် တရားဝင်ထုတ်ဝေလျက်ရှိသော အပတ်စဉ်သတင်းစာအပြင် ဓမ္မသံတော်ဆင့်စာပေတိုက်အနေဖြင့်လည်း အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လောကီရေးရာစာအုပ်စာပေများကိုလည်း လစဉ် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

မြန်မာသံတော်ဆင့်၏ ဝန်ထမ်းများနှင့် များပြားလှစွာသော သတင်းစာဆရာ၊ စာရေးဆရာကြီးများအတွက် ဘဝရပ်တည်မှုနိုင်မာစေရန်ထောက်ပံ့အားပေးလျက်ရှိကြသော စာဖတ်ပရိသတ်များ၏ကျေးဇူးသည် မြန်မာသံတော်ဆင့်မှ ပြန်လည်စောင့်သိရမည့် စာဖတ်ပရိသတ်များအတွက် သစ္စာတရားအဖြစ်ခိုင်မာစွာခံယူထားပြီးဖြစ်ပါသည်။ မြန်မာသံတော်ဆင့်၏ စီးပွားရေးခိုင်မာလာမှုသည် သတင်းစာစောင်အမြတ်အစွန်းမှတစ်ဆင့် ဝန်ထမ်းများနှင့် စာရေးဆရာကြီးများ၊ ဆက်စပ်လျက်ရှိသော ပုံနှိပ်စက္ကူမီဒီယာလုပ်ငန်းများအတွက် အကျိုးပေးလျက်ရှိနေသည်သာမက လူမှုရေး၊ ဘာသာရေးအရပ်ရပ်အတွက် တတ်စွမ်းသမျှ လှူဒါန်းထောက်ပံ့ခြင်းများလည်း ပြုနိုင်လျက်ရှိပါသည်။

မြန်မာသံတော်ဆင့်၏ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်သို့ပေးဆောင်ရန် တရားဝင်အခွန်အခများအနေဖြင့် ဥပဒေနှင့်အညီ ထမ်းဆောင်နိုင်ရန်လည်း တင်ပြထားခဲ့ပြီးဖြစ်ပါသည်။ ထို့အတွက်ကြောင့် မြန်မာသံတော်ဆင့်သည် မည်သည့်အာဏာပိုင်အသိုင်းအဝိုင်းနှင့်မျှ ပတ်သက်ဆက်နွယ်မှုမရှိကြောင်း အခိုင်အမာ ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သောရက်ပိုင်းက အစိုးရမှအရေးယူထိန်းသိမ်းထားသည့် သာသနာရေးပြည်ထောင်စုဝန်ကြီးဟောင်း ဦးဆန်းဆင့်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရအသိုင်းအဝိုင်းနှင့်နီးစပ်သော သတင်းစာ၊ ဂျာနယ်အချို့တွင် မြန်မာသံတော်ဆင့်ကို ဦးဆန်းဆင့်နှင့်ပတ်သက်ထုတ်ဝေကြောင်း စွပ်စွဲရေးသားမှုများပြုလုပ်ခဲ့ရာ မြန်မာသံတော်ဆင့်မှ (အတွဲ-၃၊ အမှတ်-၁၅) သတင်းစာမျက်နှာတွင် ပြန်လည်တုံ့ပြန် ဖြေရှင်းခဲ့ပြီးဖြစ်ပါသည်။

(၁၇-၆-၂၀၁၄) နေ့ထုတ် 7 Day သတင်းစာတွင်မြန်မာသံတော်ဆင့်သည် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၏ သားနှင့်ချွေးမ ပိုင်ဆိုင်ကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲတာဝန်ရှိသူ ပြောကြားကြောင်း သတင်းဖော်ပြချက်၊ (၁၈-၆-၂၀၁၄) နေ့ထုတ် 7 Day ဂျာနယ်တွင်လည်း သံတော်ဆင့်ဂျာနယ်ထုတ်ဝေသူကို လျှောက်ထားစဉ်က ဦးဆန်းဆင့်ထောက်ခံ လက်မှတ်ထိုးပေးခဲ့ကြောင်း အစိုးရအရာရှိကြီးတစ်ဦးပြောကြားကြောင်း သတင်းများရေးသားဖော်ပြခဲ့ခြင်း၊ (၅-၇-၂၀၁၄)နေ့ထုတ် သူရိယနေ့ဝန်းဂျာနယ်တွင် ဦးဆန်းဆင့်သား ဥက္ကာဆန်းဆင့်ပိုင်ဆိုင်တဲ့ မြန်မာသံတော်ဆင့်ဂျာနယ်က နေဦးဌေးဦးကို ချဲကြောင်း သတင်းများဖြင့် မြန်မာသံတော်ဆင့်ကို ဆွဲချဆန်ဆန် စွပ်စွဲရေးသားမှုများ ပြုလုပ်ခဲ့ပါသည်။

မြန်မာသံတော်ဆင့်အနေဖြင့် လွတ်လပ်သော ပုဂ္ဂလိက မီဒီယာစစ်စစ်ဖြစ်ပြီး အဆင့်မြင့်သတင်းစာပညာဖြင့် အသက်မွေးလျက်ရှိသော လူငယ်များ စုပေါင်းထုတ်ဝေလျက်ရှိရာ အထက်ဖော်ပြပါ 7 Day နှင့်သူရိယနေဝန်းတို့၏ရေးသားချက်များမှာ မှန်ကန်မှုမရှိကြောင်း အတိအလင်းကြေညာအပ်ပါသည်။

ဦးဆန်းဆင့် အရေးယူခံရပြီးနောက် ထွက်ပေါ်လာသော ကောလာဟလများအနက် မြန်မာသံတော်ဆင့်အား ပြည်ထဲရေးနှင့် စသုံးလုံးမှ ဖမ်းဆီးပြီဖြစ်ကြောင်း သတင်းများရရှိ၍ သတင်းမီဒီယာများက ဖုန်းဖြင့်ဆက်သွယ်၍ မြန်မာသံတော်ဆင့်သို့ မေးမြန်းစုံစမ်းခြင်းနှင့်အတူ ရဲသတင်းတပ်ဖွဲ့ လာရောက်အကြောင်းကြားချက်အရ မြန်မာသံတော်ဆင့်မှ အကြီးတန်းအရာရှိကြီးများကိုယ်တိုင် သတင်းတပ်ဖွဲ့ရုံးသို့သွားရောက်၍ ၎င်းတို့သိလိုသောအချက်များကို ဖြေကြားရှင်းပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ ဆင့်ခေါ်မှုကို သွားရောက်တွေ့ဆုံ၍ ရှင်းနီးစွာဆွေးနွေးပြောကြားခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

**မြန်မာသံတော်ဆင့်အနေဖြင့် ပုဂ္ဂလိကမီဒီယာစစ်စစ်ဖြစ်ပြီး ဥပဒေနှင့်အညီ လုပ်ဆောင်လျက်ရှိသောလုပ်ငန်းဖြစ်၍ မည်သည့် ဒီမိုကရေစီအစိုးရအဖွဲ့အစည်းကိုမျှ ရင်ဆိုင်ဖြေရှင်းရန် နောက်တွန့်မည်မဟုတ်ဘဲ ဖြေရှင်းနိုင်ကြောင်းနှင့် ရဲသတင်းတပ်ဖွဲ့များနှင့် စသုံးလုံးစစ်ဆေးမှုများကိုလည်း နောက်မတွန့်ဘဲ ရင်ဆိုင်ဖြေရှင်းနိုင်ကြောင်း၊ နိုင်ငံသားများ၏ ရသင့်ရထိုက်သောအခွင့်အရေးများနှင့်အညီ ဥပဒေဘောင်အတွင်းမှ အခိုင်အမာရပ်တည်လျက်ရှိကြောင်း မြန်မာသံတော်ဆင့်ကို အားပေးလျက်ရှိသည့် စာဖတ်ပရိသတ်များ၊ အနယ်နယ်အရပ်ရပ်ပြည်သူများသို့ အသိပေးလိုပါသည်။**

အစိုးရအနေဖြင့် မတရားအသင်းအဖြစ် ကြေညာထားခြင်းခံရသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးလျက်ရှိခြင်းသာမက ခေတ်အဆက်ဆက် ဘိန်းသောင်းကျန်းသူများအဖြစ်ရပ်တည်ပြီး အကြမ်းဖက်လုပ်ငန်းများဖြင့် လူအများကိုသေကျေပျက်စီးစေခဲ့သော ရှက်ဆစ်အပါအဝင် လက်နက်ကိုင်အဖွဲ့များကို အရေးတယူ တွေ့ဆုံဆွေးနွေးလျက်ရှိခြင်းများနှင့် နှိုင်းယှဉ်၍ လက်ရှိ လက်နက် တစ်စုံတစ်ရာမျှမရှိဘဲ တတ်ကျွမ်းသော အဆင့်မြင့်သတင်းစာပညာဖြင့် တရားဝင်ရပ်တည်လျက်ရှိသောမီဒီယာများကို နိုင်ငံတော်အာဏာကျင့်သုံးလျက် အစိုးရမှ ထိန်းချုပ်လာခြင်းမှာ မလျော်ကန်သောလုပ်ရပ်တစ်ခုအဖြစ် မြန်မာသံတော်ဆင့်မှ ယူဆပါသည်။

မြန်မာ့နိုင်ငံရေးတွင် တိုးတက်လာသော မီဒီယာလုပ်ငန်းများမှာ အစိုးရသစ်လက်ထက်တွင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သမိုင်းရေးထိုးပြီးဖြစ်၍ အစိုးရအနေဖြင့်လည်း ယင်းအစဉ်အလာကောင်းကို ပုဂ္ဂိုလ်ရေးခံစားချက်များနှင့် မရောယှက်ဘဲ ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်လျက် ရှိပါသည်။

မြန်မာသံတော်ဆင့်အနေဖြင့် အမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး၊ အဖွဲ့အစည်းပါတီခေါင်းဆောင်မရွေး သတင်းအမှန်ဖော်ပြလျက်ရှိသောရပ်တည်ချက်နှင့် နိုင်ငံရေးရသပြည့်ဝစွာ စာဖတ်သူများအတွက်ပေးစွမ်းလိုသော စေတနာမှန်ဖြင့် ကြိုးပမ်းလျက်ရှိသောလမ်းကြောင်းအတိုင်း ဆက်လက် ထုတ်ဝေလျက်ရှိရာ မြန်မာသံတော်ဆင့်၏ ရပ်တည်မှုအပေါ် စွပ်စွဲပုတ်ခတ် ရေးသားပြောဆိုသောလုပ်ရပ်များကို ဆက်လက်၍ လုပ်ဆောင်မည့်သူများအနေဖြင့် သတိပြုဆင်ခြင်နိုင်ရန် ဤကြေညာချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ နောက်နောင်တွင် ပုဂ္ဂလိကမီဒီယာစစ်စစ်ဖြစ်သော မြန်မာသံတော်ဆင့်ကို သိက္ခာကျစေရန် မဟုတ်မမှန် စွပ်စွဲပုတ်ခတ်ရေးသားလာမည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စီမံခန့်ခွဲရေးအဖွဲ့**
**မြန်မာသံတော်ဆင့်**

## မြန်မာသံတော်ဆင့် သတင်းဌာနသို့ (၂၀-၁-၂၀၁၄) မှ (၁၁-၆-၂၀၁၄) အထိ အနယ်နယ်အရပ်ရပ်မှ နစ်နာခံစားနေရသော ပြည်သူများ၏ တိုင်ကြားမှု (၆၆၁)ခု

| | | | | | |
|---|---|---|---|---|---|
| စာတိုက်မှ | ၁၉၉ ကြိမ် | ရန်ကုန် | ၆၇ စောင် | အုပ်ချုပ်ရေးပြဿနာ | ၁၆၃ ခု |
| တယ်လီဖုန်း | ၃၅၈ ကြိမ် | မန္တလေး | ၃၅ စောင် | လယ်ယာမြေပြဿနာ | ၆၆ ခု |
| အီးမေးလ် | ၂၇ ကြိမ် | နေပြည်တော် | ၁၆ စောင် | ပညာရေး၊ လူမှုရေး | ၁၉၉ ခု |
| ဖက်စ်မှ | ၁၅ ကြိမ် | ပဲခူး | ၃၅ စောင် | | |
| လူကိုယ်တိုင် | ၆၂ ကြိမ် | ဧရာဝတီ | ၄၈ စောင် | | |
| **စုစုပေါင်း** | **၆၆၁ ကြိမ်** | စစ်ကိုင်းတိုင်း | ၂၁ စောင် | | |
| | | မကွေးတိုင်း | ၁၇ စောင် | | |
| | | တနင်္သာရီ | ၁ စောင် | | |
| | | ကချင် | ၂ စောင် | | |
| | | ကရင် | ၅ စောင် | | |
| | | မွန် | ၁၈ စောင် | | |
| | | ရခိုင် | ၁၀ စောင် | | |
| | | ရှမ်း | ၉ စောင် | | |
| | | မလေးရှား | ၂ စောင် | | |
| | | ဝန်ကြီးဌာန | ၁ စောင် | | |

## (၁၂-၆-၂၀၁၄) မှ (၁၀-၇-၂၀၁၄)အထိ ပြည်သူများထံမှ တိုင်ကြားမှု အရေအတွက် (၅၅)

| | | | |
|---|---|---|---|
| ရန်ကုန် | ၉ စောင် | အုပ်ချုပ်ရေးပြဿနာ | ၂၄ ခု |
| မန္တလေး | ၁၂ စောင် | လယ်ယာမြေပြဿနာ | ၅ ခု |
| နေပြည်တော် | ၂ စောင် | ပညာရေး၊ လူမှုရေး | ၂၆ ခု |
| ပဲခူး | ၄ စောင် | | |
| ဧရာဝတီ | ၁၁ စောင် | စာတိုက်မှ | ၃၈ ကြိမ် |
| စစ်ကိုင်းတိုင်း | ၄ စောင် | တယ်လီဖုန်း | ၅၄ ကြိမ် |
| မကွေးတိုင်း | ၆ စောင် | အီးမေးလ် | ၅ ကြိမ် |
| ကရင် | ၂ စောင် | ဖက်စ်မှ | ၃ ကြိမ် |
| မွန် | ၅ စောင် | လူကိုယ်တိုင် | ၉ ကြိမ် |
| | | **စုစုပေါင်း** | **၁၀၉ ကြိမ်** |

မြန်မာသံတော်ဆင့် သည်. . .

ပါတီသံယောဇဉ်မရှိ၊
အမျိုးသားအကျိုးသာ
ရှေးရှုသည်။
တိုင်းပြည်အကြိုက်မရေး၊
တိုင်းပြည်အကျိုးသာ ရေးသည်။
ပုဂ္ဂလစိတ္တာန်မဖက်၊
ဓမ္မစိတ္တာန်သက်သက်သာ
ရေးသည်။
သိတိုင်းမှန်တိုင်း
ပြောသင့်မှပြော
ရေးသင့်မှ ရေးသည်။

## အတွေ့အကြုံရှိ အယ်ဒီတာနှင့် သတင်းထောက်များ အလိုရှိသည်

မြန်မာသံတော်ဆင့်သတင်းဌာန၌ တာဝန်ထမ်းဆောင်ရန် သတင်းစာလုပ်ငန်း အတွေ့အကြုံရှိသော အယ်ဒီတာနှင့်သတင်းထောက်များ အလိုရှိပါသည်။

**(၁) သတင်းအယ်ဒီတာ – ၂ ဦး**

– သတင်းအယ်ဒီတာ (သို့မဟုတ်) သတင်းထောက်လုပ်သက်အနည်းဆုံး ၃ နှစ်ရှိရမည်။

– အသက် ၃၀ နှစ်အောက်ဖြစ်ရမည် (အရည်အချင်းပေါ် မူတည်၍ အသက်ကန့်သတ်ချက်ကို ပြင်ဆင်စဉ်းစားပေးမည်)

– သတင်းထောက်များကို စီမံအုပ်ချုပ်၍ သတင်းများ တည်းဖြတ်၊ ရေးသားနိုင်သူ ဖြစ်ရမည်။

**(၂) အကြီးတန်းသတင်းထောက် – ၅ ဦး**

– သတင်းထောက်လုပ်သက် အနည်းဆုံး ၃ နှစ်ရှိရမည်။

– အသက် ၂၇ နှစ်အောက်ဖြစ်ရမည် (အရည်အချင်းအပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို ပြင်ဆင်စဉ်းစားပေးမည်)

အယ်ဒီတာနှင့် သတင်းထောက်ရာထူးအတွက် လစာနှင့်ခံစားခွင့်များကို အရည်အချင်းနှင့် စွမ်းဆောင်ရည်ပေါ်မူတည်၍ ထိုက်သင့်စွာညှိနှိုင်းပေးသွားမည်။

**စိတ်ဝင်စားသူများအနေနှင့် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ကိုယ်တိုင်ရေးသား/တည်းဖြတ်ထားသော သတင်း(သို့မဟုတ်) ဆောင်းပါးနမူနာတို့ဖြင့် မြန်မာသံတော်ဆင့်သတင်းဌာနသို့ လာရောက်လျှောက်ထားနိုင်ပါသည်။**


ဓာတ်ပုံ- ကျော်စိုးဦး

# သမ္မတအကြံပေးအဖွဲ့သစ်ခေါင်းဆောင် ဒေါက်တာ (ဒေါ်) ရင်ရင်နွယ်နှင့် တွေ့ဆုံခြင်း

**တပည့်တွေက ကိုယ့်ရဲ့သတင်းကို နိုင်ငံတော်အစိုးရကို ပို့ပေးတယ်။ ပို့ပေးတော့ မင်းတို့ သတင်းစာထဲမှာရေးထားသလို အုပ်စုတစ်အုပ်စုတည်းက တစ်ယောက်ပါပဲ။ အမျိုးသားစီးပွားရေးနဲ့ လူမှုရေးအကြံပေးကောင်စီ ဆိုပြီးတော့ အဲဒီထဲမှာ ဆရာမကို ထည့်လိုက်တယ် နိုင်ငံတော် အစိုးရက။ ဒါရှင်းရှင်းပြောရင် ဆရာမ Familyနဲ့လည်းမဆိုင်ဘူး။ မဟုတ်တော့တဲ့ ယောက္ခမကြီးနဲ့လည်း မဆိုင်ဘူး . .**

အံ့ခေါင်မင်း

**ယခင်ပတ်မှအဆက်**

လွန်ခဲ့တဲ့တစ်နှစ် နှစ်နှစ်က ဂျာမနီက ဆရာမ အများနဲ့ပြိုင်ဖြေတာ ဆရာမ Researchလုပ်တာသူတို့သဘောကျတယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာဘူး။ အဲဒီတုန်းက ပညာရေးဝန်ကြီးက ဦးကျော်ငြိမ်း။ စကောလားရှေးတာတချို့တွေက လက်ညှိုးထိုးကြတော့ အစိုးရကလည်း ရွပ်ပါတယ်ကွာဆိုပြီ ဖယ်ထားလိုက်တယ်။ ဦးကျော်ငြိမ်းပါတယ်ဆိုတာတော့ မဟုတ်ဘူးနော် သူ့လက်ထက်မှာ။ အဲဒီခေတ် ၂၁ နှစ်၊ ပညာရေးဝန်ကြီးဌာနရဲ့ အမှုထမ်း၊ တက္ကသိုလ်ဆရာမဘဝက ဆရာမရဲ့ အပျော်ဆုံးအချိန်ပဲ။ ကြည့်မယ်ဆိုရင် ကိုယ်က ပညာရေးအကြောင်း သိခဲ့လားဆိုတော့ ပညာရေးအကြောင်းတော့ သိခဲ့တယ်။ တက္ကသိုလ်ပညာရေးပဲ သိခဲ့တယ်။ ပညာရေးကဏ္ဍကို ကိုယ်က အသက်ငယ်သေးတဲ့အတွက် အုပ်ထိန်းမှု မရှိခဲ့ဘူး။ နောက် အခြေခံပညာရေးက ကိုယ့်ရဲ့အတွေ့အကြုံပဲကိုယ်ရှိတယ်။ ဘာမှလေ့လာမှုမရှိဘူး။ နောက်ပိုင်းကျတော့ Postdoctoral ဘဝကနေ ဂျာမနီမှာ Research လုပ်ရာဘဝကနေ တစ်နှစ်ခွဲလုပ်ပြီး ပိုက်ဆံတွေစု။ ရှိစုမဲ့စုပိုက်ဆံလေးနဲ့ USA ကိုကူးတယ်။ UN မှာလုပ်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ကင်းဘရစ်ချ် တက္ကသိုလ်က ပရော်ဖက်ဆာကြီးကပြောတယ် ဆရာမ Thesis လုပ်ခဲ့တဲ့ ပရော်ဖက်ဆာကြီးက။ သူက ဆရာမကို အရမ်းချစ်လည်းချစ်တယ်၊အထင်လည်းကြီးတယ်။ သူ့အောက်မှာ ဆရာမ လက်မှာကကျောက်တွေလုပ်ခဲ့ရတယ်ဆိုတော့ ဆရာမထင်တယ် မြန်မာနိုင်ငံသားဆိုလို့ လက်မှာကကျောက်နဲ့ အလုပ်လုပ်ဖူးတာ ဆရာမတစ်ယောက်ပဲရှိမယ်ထင်တယ်။ ဆရာမ ပိုက်ဆံလိုလို့ လုပ်ခဲ့ရတာ။ လက်မှာက ကျောက်တစ်ချပ်ကိုဆရာမကြည့်ပြီး Report ရေးပေးရင် ပေါင် ၅၀ ရတယ်။ အဲဒီဆရာကြီးက ဆရာမကိုပြောတယ် နင်ကင်းဘရစ်ချ်မှာ အလုပ်လိုချင်လားတဲ့။ ဒါမှမဟုတ် ဗြိတိသျှ တက္ကသိုလ်တစ်ခုမှာ အလုပ်လိုချင်လားတဲ့။လိုချင်ရင်ချက်ချင်းတော့ Lecturer နေရာတွေတော့ မရနိုင်ဘူးတဲ့။ ဒါပေမဲ့ Research အလုပ်ပေးမယ်တဲ့။ ပိုက်ဆံရတယ်။ Paper တွေ Publish လုပ် ပြီးရင်တော့ နင်အလုပ်ရနိုင်တယ်ပေါ့။

စာမျက်နှာ ၁၇ သို့-

# တပ်မတော်အစိုးရနှင့် ကြံ့ခိုင်ရေးတို့၏ နိုင်ငံရေးဆရာကြီး ဦးအောင်သောင်း ပြန်လာပြီ

ရန်ကုန်ကိုကိုကြီး



ဦးအောင်သောင်း၊ သူရဦးရွှေမန်း၊ ဦးဌေးဦးတို့ ဇူလိုင် ၃ ရက်နေ့တွင် သတင်းစာရှင်းလင်းနေစဉ်

**နေပြည်တော်၊ ပြည်ထောင်စု လွှတ်တော်၌ ဇူလိုင် (၃)ရက်ညနေတွင် အာဏာရကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်း၊ တစ်ချိန်ကတပ်မတော် အစိုးရလက်ထက် အဖွဲ့ဝင်ဝန်ကြီးများ၏ ဗိုလ်သေလေးစားခြင်းခံရပြီး နိုင်ငံရေးအရ ဆရာကြီးဟူ၍ ခေါ်ဆိုခြင်းခံရသော ကြံ့ခိုင်ရေးပါတီဗဟိုအတိုင်ပင်ခံ ဦးအောင်သောင်းနှင့် ကြံ့ခိုင်ရေးပါတီဒုဥက္ကဋ္ဌ (၃) ဦးဌေးဦးတို့ အတူတကွ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။**

အဆိုပါ သတင်းစာရှင်းလင်းပွဲသည် မြန်မာ့နိုင်ငံရေးလောက၌ သို့လောသို့လော စဉ်းစားဖွယ်ရာ များ ဖြစ်ပေါ်ခဲ့ရာ ယင်းနေ့ ဇူလိုင် (၃)ရက်နေ့သည် နေပြည်တော်၌ပင် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဆန်းဆင့်ကို ရုံးထုတ်သည့်နေ့တစ်နေ့တည်းဖြစ်နေခြင်း၊ သတင်းထောက်အများစုမှာ လွှတ်တော်မှဖိတ်ကြားထားသည့် သတင်းစာရှင်းလင်းပွဲထက် ဦးဆန်းဆင့်ရုံးထုတ်ရာသို့ သာစိတ်ပါဝင်စားစွာ သွားရောက်နေကြခြင်း၊ကြံ့ခိုင်ရေးပါတီအတွင်းလက်ရှိ ပါတီဥက္ကဋ္ဌသူရဦးရွှေမန်းကို အမြင်မတူသည့်ဘက်မှ ရပ်တည်၍ ဝေဖန်ပြောဆိုခဲ့ပြီး ပါတီဥက္ကဋ္ဌများကပင် နိုင်ငံရေးလမ်းစဉ်များ၌ ယုံကြည်အားထားနေရသော၊ နိုင်ငံရေးလေ့လာသူများက အာဏာရပါတီ၏ အဓိကကြိုးကိုင်သူတစ်ဦးအဖြစ် ရှုမြင်နေကြသောတပ်မတော် အစိုးရလက်ထက် စက်မှု(၁) ဝန်ကြီး ဟောင်းဦးအောင်သောင်းသည်မီဒီယာမြင်ကွင်း၌ ဥက္ကဋ္ဌသူရ ဦးရွှေမန်းနှင့်အတူပထမဆုံးအကြိမ် ထွက်ပေါ်လာခြင်းတို့မှာ အာဏာရကြံ့ခိုင်ရေးပါတီရေ့ခရီးအတွက် စဉ်းစားဖွယ်ရာများပင်ဖြစ် ပါသည်။

ဇင်းသတင်းစာရှင်းလင်းပွဲတွင် ပါတီဥက္ကဋ္ဌအနေဖြင့် ပါတီတွင်းသဘောထားကွဲလွဲမှုများ ရှိနေကြောင်း၊ ပါတီအတွင်း၌ စိတ် ဓာတ်နှင့်လုပ်ရပ် ညှိဖျင်းသူများကို ဆိုလို၍ ''ပုဲသောသူများရှိကြောင်း''... ထည့်သွင်းပြောကြားခဲ့ရာ အာဏာရ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌတစ်ဦး အနေဖြင့် ပါတီတွင် ယိုယွင်းပျက်စီးနေသောအခြေ အနေတစ်စိတ်တစ်ဒေသကို ပထမဆုံး အတိအလင်း ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြောကြားစဉ်တွင် အစိုးရအဖွဲ့အတွင်း၌ ရောက်ရှိနေသော ကြံ့ခိုင်ရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးတစ်ဦးက မိမိတို့ကိုဝေဖန် တိုက်ခိုက်နေသူများသည် ဟက်လိုင်နာများ ဖြစ်ကြောင်း ပြောဆိုမှုအပေါ် ထိုသို့ပြောဆိုသူများအနေဖြင့်ကောမည်သည့်လိုင်နာများ ဖြစ်သနည်းဟု မြန်မာသံတော်ဆင့်မှ တစ်ဆင့် ပြန်လည်မေးခွန်းထုတ်ခဲ့သူ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ ကြံ့ခိုင်ရေးပါတီဗဟိုအတိုင်ပင်ခံ ဦးအောင်သောင်းလည်းရှိနေခဲ့ရာပါတီတွင်း နိုင်ငံရေးအရ မရှိသင့်သောသူများရှိနေကြောင်း ယူဆချက်မှာ အတည်ပြု၍ ရနိုင်ပေသည်။ ထို့အတူ ကြံ့ခိုင်ရေးပါတီ၏ပြောရေးဆိုခွင့်ရှိသူဖြစ်သောဒုဥက္ကဋ္ဌ(၃) ဦးဌေးဦးပါဝင် တက်ရောက်နေခဲ့ခြင်းသည်လည်း ပါတီတွင်းသဘောထားကွဲလွဲမှုများရှိနေသည့် ဖြစ်ရပ်များကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ အတည်ပြုထုတ်ပြန်ခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

စာမျက်နှာ ၁၃ သို့-


ကြံ့ခိုင်ရေးပါတီဗဟိုအတိုင်ပင်ခံ ဦးအောင်သောင်းကို ပါတီညီလာခံ အစည်းအဝေးကျင်းပရာ နေပြည်တော် ပါတီဌာနချုပ်၌ တွေ့ရစဉ်

ဓာတ်ပုံ- မြန်မာသံတော်ဆင့်



# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တောင်ကလေးဆရာတော် ၅၄ နှစ် မွေးနေ့ပူဇော်မည်

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ကလေးဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာသာမိအရှင်သူမြတ်၏ သက်တော် ၅၄နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို ဇူလိုင် ၁၄ရက် နံနက်တွင် ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေးပရိယတ္တိစာသင် တိုက်တွင် တပည့်များက ကျင်းပပူဇော် မည်ဖြစ်ကြောင်း သိရှိရသည်။**

တောင်ကလေးဆရာတော်ကို မြန်မာ ကောဇာသက္ကရာဇ် ၁၃၂၂ခုနှစ်၊ ဝါဆိုလ ပြည့်ကျော် (၇)ရက် ခရစ်တော်နှစ် ၁၉၆၀ ပြည့်နှစ်၊ဇူလိုင်လ(၁၄)ရက်၊ ကြာသပတေး နေ့၊ ညနေ(၅း၁၅)နာရီတွင် ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာ၌ဖွားမြင်ပြီး ငယ်နာမည် မှာ ဗိုးသူ(ခ)မြိုင်အေးတင်ဖြစ်ကာ ခမည်း တော် ဦးအောင်ခင်၊ မယ်တော်ဒေါ်နန်းစိန် လှခင်မောင်နှမ(၄)ယောက်အနက် အထွေး ဆုံး သားဖြစ်သည်။ ၁၃၂၉ခုနှစ်၊တပေါင်း လပြည့်ကျော် (၇)ရက်၊ (၁၄-၃-၁၉၆၈) ကြာသပတေးနေ့တွင် လှာကမြင့် ကျောင်း ဆရာတော် ဦးသူရိယကို ဥပဇ္ဈာယ်ပြု၍ မိဘဘိုးဘွား ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမ ဏေပြုကာ ၁၃၄၂ခုနှစ်၊ တပေါင်းလပြည့် ကျော် (၁)ရက်၊ (၂၁-၃-၁၉၈၁) စနေနေ့ ညနေ(၄း၅၅)နာရီအချိန်၊ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဓမ္မပီယကျောင်း၊ မဟာဝိဇယရံသီသိမ်တော်ကြီးတွင် မိဘ နှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ဘားအံမြို့၊ ရွှေဘိုကျောင်းဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။

**ဆရာတော်သည် မြန်မာပြည်အနှံ့ စာသင်တိုက် ကြီးများတွင် စာပေပရိယတ္တိ သင်ယူခဲ့သည်။**

**ပရိယတ္တိပညာသင်ယူလေ့လာခြင်း**

– အခြေခံပညာအထက်တန်းစာမေး ပွဲ၊ သာသနာရေးဦးစီးဌာနမှ ကျင်းပသော – အဘိဓမ္မာစာမေးပွဲ ဂုဏ်ထူးဆောင် (ပ၊ ဒု၊ တ)ဆင့်၊ ဝိသုဒ္ဓိမဂ်(ပ၊ဒု၊တ)ဆင့်၊ ပါဠိ ပထမပြန်စာမေးပွဲပထမကြီးတန်း။ မော်လ မြိုင်သုသမာစာရစာမေးပွဲ-(အကြီးတန်း) သဒ္ဓမ္မပါလစာမေးပွဲ(ပ၊ဒု၊တ)ဆင့်။ သထုံ မြို့၊ ဝိဋကတ္တယပါရဂူစာမေးပွဲ-မဟာဝေ ယျာကရဏိကတန်း။

– ဘာသာခြားကိုးကွယ်ယုံကြည်မှု ဆိုင်ရာ စာမေးပွဲများ။ ၁၉၈၉မှ ၁၉၉၀အထိ အိန္ဒိယနိုင်ငံ၊ သသ်ကရိုက် (ဆန်ကရစ်) တက္ကသိုလ်၊ ဗာရာဏသီတက္ကသိုလ်နှင့် နာလန္ဒာတက္ကသိုလ်တို့တွင် ရာဇဂီရိဆရာ တော် ဒေါက်တာဇာဂရထံ၌ သက္ကဋဘာ သာအလွတ်တန်း၊ ပါဠိဘာသာအလွတ် တန်းကို လေ့လာသင်ယူခဲ့သည်။

**စာပေပရိယတ္တိပြန်လည်ပို့ချတော်မူ ခြင်း**

ဇာတိရွာ -လှာကမြင်ကျောင်း။ မော် လမြိုင်မြို့-မြောက်ကွင်းကျောင်း။ ဘားအံ မြို့-ရတနာသီဂီကျောင်း။ တောင်ကလေး ရွာ-တောင်ကလေးပရိယတ္တိစာသင်တိုက်။

**ဘာသာရေး၊ သာသနာရေးဆောင် ရွက်ချက်များ**

-၁၉၈၇ ခုနှစ်မှစ၍ ဇာတိလှာကမြင် ရွာအရှေ့ဘက်၊ တစ်မိုင်အကွာ၌ တည်ရှိ သော ဘားအံ-လှိုင်းဘွဲ့ကားလမ်းမအရှေ့ ဘက်ဒေးမယ်စော့(ခေါ်)ထမင်းဆုပ်တောင် ကုန်း၌ ချုံနွယ်ပိတ်ပေါင်းရှင်း၍ စေတီ ဟောင်းတစ်ဆူကိုအသစ်ပြုပြင်ကာ **"မြ ရတနာစေတီ"**ဟု ဘွဲ့အမည်ပေးတော်မူ သည်။-တောင်ပတ်ဝန်းကျင်မြေဧက(၃၃ ၁၁)ရှိအာရာမ်ကိုသာသနာ့မြေအဖြစ်သတ် မှတ်ပြီး တောင်ကလေးပရိ ယတ္တိစာသင် တိုက်၊ တောင်ကလေးပဋိပတ္တိ အေးရိပ်သာ လောကီလောကုတ္တရာ ပညာသင်ကြားရေး ဌာန၊ဘုန်းတော်ကြီးသင်ပညာရေးကျောင်း။

– PEDU = ဖလုံပညာရေးဖွံ့ဖြိုးတိုး တက်ရေးယူနစ်ကို ဖွင့်လှစ်တော်မူသည်။

– ၁၉၈၈ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ကရင်ပြည်နယ်ဒေသအစွန်အဖျား၌ စေတီ ဟောင်းအဆူ(၂၀)ကိုပြုပြင်ထီးတော်မူသည်။

– သာသနာဖွံ့ဖြိုးမှုမရှိသောဒေသ၌ လမ်းဖောက်ခြင်း။ ဘုန်းတော်ကြီးကျောင်း (၁၀)ကျောင်း တည်ထောင်တော်မူခြင်း။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၅) ကျောင်း တည်ထောင်တော်မူခြင်း။ ယင်း ကျောင်းများအားအခါအားလျော်စွာပစ္စည်း လေးပါးဖြင့် ထောက်ပံ့တော်မူခြင်း။

–"တောမှီရဟန်း" ကလောင်အမည် ဖြင့် ကျမ်းစာအုပ်ပေါင်း (၆၀)ကျော် ရေး သားတော်မူခြင်း။ ၁၉၈၆ခုနှစ်မှစ၍ မျက် မှောက်အချိန်အထိ မြရတနာစေတီ၏ ရင် ပြင်တော်၌ နှစ်စဉ်အခါကြီး၊ ရက်ကြီးများ တွင်အနုသာသနီဝိပဿနာနည်းဖြင့် (၁၀) ရက်တရားစခန်းဖွင့်၍ တရားပြတော်မူ ခြင်းစသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိသည်။ □

ဓမ္မ
သံတော်ဆင့်

ဘုရား
မကြိုက်
အများလိုက်
ဆရာမိုက်နှင့်
လွှဲပါစေ၊



## ဓမ္မသံဝေဂ ဆင်ခြင်ရန်

ဘုရားမကြိုက် အများလိုက် အမိမိုက်နှင့် လွှဲပါစေ၊
ဘုရားမကြိုက် အများလိုက် အဖမိုက်နှင့် လွှဲပါစေ၊
ဘုရားမကြိုက် အများလိုက် သမီးမိုက်နှင့် လွှဲပါစေ၊
ဘုရားမကြိုက် အများလိုက် သားအမိုက်နှင့် လွှဲပါစေ၊
ဘုရားမကြိုက် အများလိုက် ဆရာမိုက်နှင့် လွှဲပါစေ၊
ဘုရားမကြိုက် အများလိုက် တပည့်မိုက်နှင့် လွှဲပါစေ၊

ရွှေပေါ်ကျွန်းဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေဝေါဘာသိဒ္ဓိပညာဏိက



မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၈ )၊ ဇူလိုင် ၁၂ - ၁၈ ၊ ၂၀၁၄ ခုနှစ်



# "ကျောင်းသားတွေကို အစိုးရက သွေးတိုးစမ်းနေတယ် ဗကသတွေ နိုင်ငံရေးပဲ လုပ်နေ၊ ခုတုံးလုပ်ခံရမယ်၊ အသုံးချခံရမယ်၊ မဝင်နဲ့"လို့ တားနေသူများ ရှိ



၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်အဖြစ် လူသိများလာသည့် ကိုကျော်ကိုကိုက လက်ရှိတွင် အစိုးရအနေဖြင့် ကျောင်းသားများအား အစိုးရက သွေးတိုးစမ်းမှုများရှိနေပြီး ကျောင်းသားသမဂ္ဂမဝင်ရန် ပြောဆိုသူများလည်း ရှိနေကြောင်း ဇူလိုင် ၇ ရက်ကပြုလုပ်သည့် ကျောင်းသားသမဂ္ဂ အဆောက်အအုံဖြိုခွဲခံရမှု အထိမ်းအမှတ် 7 July အခမ်းအနားအပြီးတွင် ပြောဆိုလိုက်သည်။

လက်ရှိတွင် ယခင်က ဗကသကျောင်းသားလူငယ်ခေါင်းဆောင်များဟု လူသိများသည့် ကိုကျော်ကိုကို၊ ကိုဒီငြိမ်းလင်း၊ ကိုစည်သူမောင်တို့အကြား ကွဲနေသည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိရာ လူကွဲခြင်းမဟုတ်ဘဲ မူကွဲနေကြသည့်အတွက် ကျောင်းသားလှုပ်ရှားမှုလုပ်ငန်းများအား ခွဲခြားလုပ်ကိုင်နေခြင်းဖြစ်ကြောင်း ကိုကျော်ကိုကိုက ပြောသည်။

ကိုကျော်ကိုကိုနှင့်တွေ့ဆုံခဲ့စဉ် ဗကသအဖွဲ့ချုပ်၏ 7 July လှုပ်ရှားမှုအကြောင်း၊ ဗကသနှင့်လှုပ်ရှားမှု၊ လူငယ်မျိုးဆက်ကွာဟလာမှု၊ ကျောင်းသားသမဂ္ဂများအပေါ် အစိုးရ၏ဖိနှိပ်မှုများနှင့်ဆက်စပ်၍ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

ဝိုင်းမော်

**Q-7Julyလို အခမ်းအနားမျိုးကို အရင်တုန်းက လှုပ်ရှားခဲ့ရတဲ့ ပုံစံနဲ့အခုလှုပ်ရှားခွင့်ရလာတဲ့ ပုံစံ ဘယ်လိုကွာခြားမှုတွေ ရှိလာလဲ။**

A- အရင်တုန်းက သမဂ္ဂနာမည်နဲ့လုပ်တဲ့ ကျောင်းသားရဲဘော်တွေဟာ ထောင်ကျဖို့ ပိုသေချာတယ်။ အဲ့တော့ Under Ground (UG)နည်းနဲ့ ကျွန်တော်တို့ သွားရတယ်။ စာဝေတာ၊ စာကြဲတာ တို့ဆိုရင် လျှို့ဝှက်ပြီး ကျွန်တော်တို့ လုပ်ရတယ်။ ပြီးရင် လူသစ်စုဆောင်းတာတို့ဆိုရင်လည်း လက်သိပ်ထိုးပေါ့။ အဲ့လို အခြေအနေမျိုးမှာလူစုလူဝေးနဲ့ဆန္ဒပြပြီး စက်တင်ဘာလိုဟာမျိုးမှာ ဆန္ဒပြတယ်။ အလံထောင်ပြီးထွက်တယ်။ မတိုင်ခင်မှာရှောင်တိမ်းနေရတယ်။ မိဘနဲ့ ထောင်ထဲပို့တယ်။ တကယ်လည်း အဲ့လိုအခြေအနေမျိုးကို ဖြတ်ခဲ့ရတယ်။ ၂၀၁၂ကျတော့ ထောင်က လွတ်ပြီးတဲ့ကာလမှာ ကျွန်တော်တို့မှာသူတို့ Policy အနေအထားအရ ပွင့်လင်းတော့မယ်လို့ သူတို့က ကြွေးကြော်တယ်။ ဟန်ဆောင်သည်ဖြစ်စေ၊ ဟန်မဆောင်သည် ဖြစ်စေ ကျွန်တော်တို့ ရတဲ့အခွင့်အရေးကို ရအောင်ယူမယ်။ သမဂ္ဂလုပ်မယ်။ အဲ့တိုင်းကို ဗဟိုစည်းရုံးရေးကော်မတီဖွဲ့ပြီးတော့ ကျန်တဲ့ ကျောင်းတိုင်းကျောင်းတိုင်းမှာ ကျွန်တော်တို့သမဂ္ဂတွေ ဖြစ်ပေါ်လာဖို့အတွက် အားပေးတယ်။ ပူးပေါင်းဆောင်ရွက်တယ်။ အဲ့တော့ သမဂ္ဂတွေ အများကြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖြစ်ပေါ်လာတယ်။ ဒီနေ့ဒီကာလမှာ သူတို့ အစိုးရကတော့ တရားဝင် အသိအမှတ်ပြုထားတာမရှိဘူး။ ဒါနဲ့ Informal အနေနဲ့ ကျွန်တော်တို့ ရပ်တည်နိုင်တယ်။ လုပ်စရာရှိတာတွေကို Informal အနေနဲ့ပဲ ပြတ်ပြတ်သားသားလုပ်တယ်။ မီဒီယာတွေကိုတင်တယ်။ လူသိရှင်ကြားဖြစ်အောင်လုပ်တယ်။ လျှို့ဝှက်တာဘာမှမရှိဘူး။ ကျွန်တော်တို့အားလုံး ပြောင်လုပ်ငန်းတွေကိုလုပ်ကြတယ်။

**Q-ဒီဘက်ခေတ်ရောက်တော့ ပွင့်လင်းလာပြီလို့ရော ပြောလို့ရနိုင်မလား။**

A- ဒီကိစ္စက(၂)ပိုင်းရှိတယ်။ တစ်ပိုင်းက အရင်တုန်းက အခြေအနေတွေထက် ကျွန်တော်တို့လုပ်သာကိုင်သာရတဲ့ အပိုင်း။ ဒါပေမဲ့ နောက်တစ်ပိုင်းကတော့ စောင့်ကြည့်ပြီးတော့ အမြဲတမ်း အပြစ်ရှာဖို့သာ ကြံစည်နေတဲ့အပိုင်း။ ကျွန်တော်တို့ လုပ်စရာကိုင်စရာရှိတာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်မရအောင် ပိတ်ဆို့တဲ့အပိုင်း။ ကျွန်တော်တို့ အင်အားတိုးချဲ့ချင်တယ်။ ကျောင်းထဲမှာ စည်းရုံးခွင့်မရှိဘူး။ ကျောင်းပြင်မှာ စည်းရုံးရတယ်။ ကျောင်းထဲမှာ စည်းရုံးတာနဲ့ မိဘခေါ်တယ်။ ခြိမ်းခြောက်ခံရတယ်။ ဒီလိုမျိုး အခက်အခဲတွေကတော့ ရှိတယ်။

**Q-အခုလုပ်တဲ့ ပွဲနဲ့ပတ်သက်ပြီးကော ဘာများထူးခြားတာ ရှိသလဲ။**

A-ကျွန်တော်တို့ ခု 7 July ကျင်းပတဲ့အခါမှာ အစအလယ်အဆုံး အန္တရာယ်ကင်းကင်း အကျအဆုံးအထိအခိုက် မရှိဘဲနဲ့ လုပ်နိုင်ခဲ့တာ ကျောင်းသားထုရဲ့ စည်းရုံးညီညွတ်မှုကြောင့်လို့ပဲ ပြောချင်တယ်။ ကျောင်းသားထုရဲ့ စည်းရုံးညီညွတ်မှုကို ကျွန်တော် အရမ်းလေးစားတယ်။ ယုံကြည်တယ်။ အားကိုးတယ်။ ဒီစည်းလုံးမှုအချိန်တစ်ခု နောက်ထပ်စည်းရုံးဖို့ လိုအပ်သေးတယ်။ နောက်ထပ်ကျောင်းသားသမဂ္ဂတွေ အများကြီး ထွက်ပေါ်လာနိုင်တယ်လို့လည်း မြင်တယ်။ ကျွန်တော်တို့လူထုရဲ့ တောင်းဆိုမှုမပါဘဲနဲ့ အလိုအလျောက်ဖြစ်ပေါ်သွားတဲ့ ဒီမိုကရေစီနိုင်ငံဆိုတာမရှိဘူး။ ကျောင်းသားတွေရဲ့အခန်းကဏ္ဍက အရေးကြီးလို့ ကျောင်းသားတွေအနေနဲ့ လူထုနဲ့ပေါင်းပြီးတော့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးသွားနိုင်ပါစေလို့ ဆုတောင်းတယ်။

**Q- ကျောင်းသားသမဂ္ဂ လှုပ်ရှားနေတာမှာ အဓိကအခက်အခဲဖြစ်နေတာတွေက ဘာတွေဖြစ်မလဲ။**

A- အဓိကအခက်အခဲဆုံးအပိုင်းဖြစ်နေတာကတော့ အာဏာပိုင်တွေက ဖိအားပေးတဲ့အပိုင်းပေါ့။ ကျန်တဲ့အပိုင်းက ငွေရေးကြေးရေးခက်ခဲတာမှန်ပေမယ့် စုပေါင်းပြီး ဝိုင်းဝန်းအလှူခံဖြေရှင်းလို့ရတယ်။ အဲ့လောက်လည်း ကျွန်တော်တို့ ငွေမလိုဘူး။ ကျွန်တော်တို့ အကြီးကြီးတွေလုပ်တာမဟုတ်ဘူး။ ကိုယ့်အားနဲ့နိုင်သလောက်။ အာဏာပိုင်တွေရဲ့ဖိအားပေးမှု အပိုင်းကတော့ ရှိနေဆဲပဲဆိုတာ။ အဲ့အပိုင်းက အခက်အခဲရှိတယ်။ လူသစ်တွေ စုဆောင်းဖို့အခက်အခဲရှိတယ်။ အဲ့အပိုင်းက အခက်အခဲရှိတယ်။ ကျောင်းသားသမဂ္ဂဆိုတာ ဒီနှစ်ဒီကာလမှာမလိုအပ်တော့ဘူးလို့ ပြောနေတဲ့သူတွေလည်းရှိတယ်။ ကျောင်းသားသမဂ္ဂ နိုင်ငံရေးတွေကြီးပဲလုပ်နေတဲ့အတွက် ကျောင်းသားတွေခုတုံးလုပ်ခံရမယ်။ အသုံးချခံရမယ်။ မဝင်နဲ့ဆိုပြီး တားနေတာတွေလည်းရှိတယ်။ အဲဒါတွေ မရှိတော့ဘူးဆိုကျောင်းသားသမဂ္ဂက လုပ်ရတာပိုလွယ်သွားပြီ။ အဲ့လိုအယူအဆတွေနဲ့ ကလေးတွေကို အဆိပ်ခတ်တာမျိုးတော့ မဖြစ်စေချင်ဘူး။

**Q- အခုပေါ့နော်။ ၂၀၀၇ နောက်ပိုင်းမှာဆိုရင် ကျောင်းသားတွေ မျိုးဆက်ကွာဟမှု ဖြစ်တယ်လို့သုံးသပ်မှုတွေ ရှိတယ်။ ဒီအပေါ်မှာကော အစ်ကို့အမြင်လေး သိပါရစေ။**

A- ၂၀၀၇ ကျွန်တော်တို့ နောက်ပိုင်းမှာ မျိုးဆက်ကွာဟမှုဖြစ်တယ်ဆိုတာ အဟုတ်ပဲ။ ဒါပေမဲ့ ကျောင်းသားခေါင်းဆောင်ထွက်မလာဘူးလို့တော့ ပြောမရဘူး။ တိုက်ပွဲကြားထဲမှာ ပေါ်လာတဲ့ ကျောင်းသားခေါင်းဆောင်တွေဆို



ရင်လည်း ဥပမာ ဦးလှရွှေတို့ ဘာတို့ကအစ ကျွန်တော်တို့အဆုံးအထိပေါ့နော်။ တိုက်ပွဲရှိတဲ့အခါ ခေါင်းဆောင်ထွက်ပေါ်လာတယ်။ ကျောင်းသားထုကြားထဲက ထွက်လာတာ။ ဒါမွေးထုတ်လို့မရဘူးဗျ။ နဂိုစိတ်အခံနဲ့လည်းဆိုင်တယ်။ သူ့ရဲ့အားထုတ်မှုနဲ့လည်းဆိုင်တယ်။ အခုတကယ်လည်း လာမယ့်ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ ထွက်ပေါ်လာလိမ့်မယ်လို့ ထင်တယ်။

**Q- မျိုးဆက်ကွာဟမှုဖြစ်တယ်လို့ယူဆနိုင်ရင် ဘာကြောင့် အဲလိုဖြစ်သွားတာလဲ။**

A-အဓိကကတော့စနစ်တကျ လေ့လာခွင့်မရအောင် ပိတ်ပင်ထားမြဲထားလို့။ ကျောင်းသားသမဂ္ဂ စာအုပ်တွေကို လေ့လာခွင့်မရအောင် ပိတ်ပင်တားမြစ်ခံရတဲ့ခေတ်တစ်ခေတ် ရှိတယ်။ အဲ့ခေတ်ကာလမှာ ကျောင်းသားတွေ လေ့လာခွင့်မရဘူး။ သမဂ္ဂလုပ်ငန်းဆောင်တာတွေကို ကျောင်းထဲမှာ တရားဝင်လုပ်ခွင့်မရတဲ့အတွက် အများကြီး မျိုးဆက်ကွာဟမှုဖြစ်တယ်။ ခုချိန်မှာ ကျွန်တော်တို့လည်း တတ်နိုင်သမျှ စာအုပ်စာတမ်းတွေကို ဖြန့်ချိနေတယ်။ ရှင်းလင်းပွဲတွေလည်း လုပ်နေတယ်။ ခုသမဂ္ဂလုပ်ငန်းစဉ်တွေကို online တွေမှာရော၊ Facebookတွေမှာရော တင်တဲ့အခါကျတော့ ကျောင်းသားတွေလည်း သမဂ္ဂဘာတွေလုပ်နေတယ်ဆိုတာ သိလာကြပါပြီ။

**Q-အပြင်မှာဝေဖန်နေကြတာ ၂၀၀၇ မှာ တက်ခဲ့တဲ့ အစ်ကိုရယ်၊ ကိုဒီငြိမ်းလင်းရယ်၊ ကိုစည်သူမောင်ရယ် ၃ ယောက်က ခုချိန်မှာ တခြားမျိုးဆက်တွေလို တပေါင်းတစည်းတည်း ရှိမနေဘူး။ ကွဲနေကြတယ်ပေါ့။ မနှစ်က 7 July ဆိုရင်လည်း သဘောထားကွဲပြီးတစ်ယောက်တစ်နေရာစီလုပ်ကြတယ်ပေါ့။ အဲ့ဒါဘာကြောင့်လဲ အစ်ကို။**

A - ကျောင်းသား ၃ ယောက်တည်း ၂၀၀၇ မှာ လုပ်ခဲ့တာမဟုတ်ဘူး။ ၂၀၀၇ မှာ လုပ်ခဲ့တဲ့ရဲဘော်တွေ အများကြီးပဲရှိတယ်။ ဒီလိုပဲ အကျဉ်းထောင်ထဲမှာ ဖြတ်သန်းခဲ့တဲ့သူတွေလည်း အများကြီးရှိတယ်။ ဒါကြောင့် ၂၀၀၇ မတိုင်ခင်မှာလည်း လှုပ်ရှားခဲ့တဲ့သူတွေလည်းရှိတယ်။ ကျွန်တော်တို့ ဗ က သဖွဲ့စည်းတဲ့နေရာမှာ မျိုးဆက်အစုံက ကျောင်းသားတွေပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်တာမျိုးမရှိဘူး။ ကျွန်တော့်နာမည်ထွက်နေတယ်။ Figure ဖြစ်နေတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ဒါကို ကျွန်တော်လိုချင်တာမဟုတ်ဘူး။ ကျွန်တော်လိုချင်တာ မျိုးဆက်ပေါင်းစုံက ကျောင်းသားတွေပါဝင်ပြီး ကျောင်းသားသမဂ္ဂဆိုတာ မားမားမတ်မတ်ရပ်နိုင်ဖို့ပဲ။ ကျောင်းသားသမဂ္ဂဆိုတာမှာ ဗ က သ များအဖွဲ့ချုပ်ကို စံနမူနာထားပြီးတော့ အဲ့အဖွဲ့ကိုတည်ဆောက်တာ။ လူပုဂ္ဂိုလ်ကို တည်ဆောက်ခြင်းမရှိဘူး။ ကျွန်တော်တို့က အဖွဲ့အစည်းတည်ဆောက်ခြင်းပဲရှိတယ်။ လူပုဂ္ဂိုလ်ကိုကွဲတယ်လို့ မထင်ဘူး။ မူအရ ကွဲတယ်လို့ပဲ ထင်တယ်။ တချို့မူတွေ ကျွန်တော်တို့နဲ့မတူလို့ ပြီးခဲ့တဲ့နှစ်က အဲ့လိုတွေခွဲလုပ်ခဲ့တာမှန်ပေမယ့် ဒီနှစ်မှာတော့ အခုလို ဒီငြိမ်းလင်းတို့အဖွဲ့ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်တာရှိတယ်။ အဲ့တော့ ဒါ အရမ်းပဲ အားရကျေနပ်ပါတယ်။

**ကျွန်တော်တို့က အဖွဲ့အစည်း တည်ဆောက်ခြင်းပဲရှိတယ်။ လူပုဂ္ဂိုလ်ကို ကွဲတယ်လို့ မထင်ဘူး။ မူအရကွဲတယ်လို့ပဲ ထင်တယ်။ တချို့မူတွေ ကျွန်တော်တို့နဲ့ မတူလို့ ပြီးခဲ့တဲ့နှစ်က အဲ့လိုတွေ ခွဲလုပ်ခဲ့တာ မှန်ပေမယ့် . . .**

---------

**သမဂ္ဂလုပ်ငန်းဆောင်တာတွေကို ကျောင်းထဲမှာ တရားဝင်လုပ်ခွင့်မရတဲ့အတွက် အများကြီး မျိုးဆက်ကွာဟမှုဖြစ် . . .**

**Q- မူအရကွဲတာဆိုတော့ ဘယ်လိုမူဝါဒတွေမှာ ကွဲကြတာလဲ။**

A- ဗ က သ မူဝါဒ ၅ချက်မှာ တချို့မူဝါဒတွေဖြစ်တဲ့ နိုင်ငံရေးဆောင်ရွက်မှုတွေမှာ ထဲထဲဝင်ဝင် ပါဝင်မယ့်ကိစ္စတွေ၊ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်မယ့်ကိစ္စတွေမှာ အယူအဆမတူကြဘူးပေါ့။ တချို့ကျတော့လည်း ဒီအချိန်က လွတ်လပ်ပွင့်လင်းတဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတစ်ခုရောက်ပြီလို့ သုံးသပ်တယ်။ အဲ့အချက်ကို ကျွန်တော်တို့က လက်မခံဘူး။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မရောက်သေးဘူး။ အသွင်ကူးပြောင်းရေးနဲ့ တူတာတောင်မှ မဖြစ်သေးဘူး။ အဲ့တော့ ကျွန်တော်တို့ကဆက်ပြီး ဒီမိုကရေစီရအောင် တိုက်ပွဲဝင်ရမယ်ဆိုတဲ့အယူအဆနဲ့သွားတယ်။ အဲ့အယူအဆက ထပ်တူထပ်မျှမဖြစ်ဘူးပေါ့။

**Q-တချို့ကျောင်းသားတွေမှာတော့ ကျောင်းသားက သမဂ္ဂမှာပါရင် ကျောင်းသားကိုတော့ ဘာမှမပြောဘူး။ မိဘကိုခေါ်ပြီး ဖိအားပေးတာမျိုးတွေနဲ့ ပတ်သက်ပြီး ဘာများပြောချင်လဲ။**

A-ကျွန်တော်တို့လားရှိုးခရိုင်ကျောင်းသားသမဂ္ဂဆိုရင် မိဘတွေရဲ့ စီးပွားရေးလုပ်ငန်းကို အကျပ်ကိုင်တာတွေရှိတဲ့အတွက် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တွေအားလုံး နုတ်ထွက်သွားတာလည်း ကြုံခဲ့ဖူးတယ်။ တချို့နေရာတွေမှာလည်း မိဘတွေကိုခေါ်ပြီး ကိုယ့်သားသမီးကို ကိုယ်ပြန်ထိန်းဖို့ ကျောင်းပိတ်ရက်ဆို မြို့မှာမထားနဲ့ ရွာပြန်ခေါ် အဲ့လိုတွေ ဖိအားပေးတာတွေရှိတယ်။ မိဘတွေဆိုတာကလည်း ကိုယ့်ထမင်းကိုယ်စား ကိုယ်စီးပွားရေးကိုယ်လုပ်ရတော့ သူတို့သားသမီးထိခိုက်မှာကို၊ သူတို့စီးပွားရေးထိခိုက်မှာကို ကြောက်တယ်။ ဒါတွေကို ကျွန်တော်တို့ရှင်းပြတယ်။ မဖြစ်သင့်ဘူး။ လုပ်စရာရှိတာ ရဲရဲတင်းတင်းလုပ်။ ကျွန်တော်တို့ ဒါ ဒီမိုကရေစီနည်းလမ်းနဲ့ လှုပ်ရှားနေတာလို့ပဲ။ မိဘတွေကို ရှင်းပြတယ်။ ကျောင်းသားတွေကလည်း တကယ်မှန်ကန်တဲ့အလုပ်ကို လုပ်တဲ့အတွက်ကြောင့် ခွင့်ပြုချက်တောင်းတာမဟုတ်ဘဲနဲ့ နားလည်အောင်ရှင်းပြပြီးဆက်လုပ်ကြတယ်။အဲ့လိုနည်းနဲ့တော့ ကျွန်တော်တို့ဖြေရှင်းမှုရှိတယ်။

**Q- အခုနောက်ပိုင်းတက္ကသိုလ်ကျောင်းတွေမှာ ကျောင်းသားတွေကို နိုင်ငံရေးမလုပ်ရဆိုပြီး တားမြစ်တာတွေရှိလာတယ်။ ခေတ်အဆက်ဆက်မှာလည်း ဒီလိုတားမြစ်တာမျိုးကို ဘယ်ကျောင်းသားထုကမှ ခံခဲ့တာမဟုတ်ဘူး။ ဒါကိုဝန်ကြီးဌာနကလည်း သိရဲ့သားနဲ့ ဘာလို့လုပ် တယ်လို့ထင်လဲ။**

A-အစိုးရက ကျောင်းသားတွေကို လျှော့ပေးလိုက်၊ ပြန်တင်းလိုက်လုပ်နေတာလို့ မြင်တယ်။ ကျောင်းသားတွေကို အစိုးရက သွေးတိုးစမ်းနေတယ်လို့မြင်တယ်။

အပတ်စဉ်စနေနေ့တိုင်းထုတ်ဝေသည်

မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၈ )၊ ဇူလိုင် ၁၂ - ၁၈ ၊ ၂၀၁၄ ခုနှစ်



# NLD ကောင်းကြောင်းနှင့် အစိုးရမကောင်းကြောင်း မရေးသားရန် CEO နှင့် ထုတ်ဝေသူ ဖိအားပေး၍ လူထုပုံရိပ်ဂျာနယ် အယ်ဒီတာ(၃)ဦးနုတ်ထွက်

**ရန်ကုန်၊ ဇူလိုင် ၈**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ ကောင်းသတင်းများနှင့် အစိုးရအား ဝေဖန်တိုက်ခိုက်သော သတင်းများ မရေးသားရန် လူထုပုံရိပ်ဂျာနယ်၏ အမှုဆောင်အရာရှိချုပ်နှင့် ထုတ်ဝေသူက ဖိအားပေးသောကြောင့် တာဝန်ခံအယ်ဒီတာအပါအဝင် အယ်ဒီတာ (၃)ဦး ဇူလိုင် ၈ ရက်က နုတ်ထွက်ခဲ့ကြောင်း အဆိုပါနုတ်ထွက်မှု၌ပါဝင်သည့် အယ်ဒီတာတစ်ဦးဖြစ်သူ ဦးတင်မောင်ထွေးက ဇူလိုင် ၈ ရက်တွင် မြန်မာသံတော်ဆင့်သို့ ပြောသည်။

ဂျာနယ်ထုတ်ဝေသူ ဦးနန္ဒာလှမြင့်မှာ ကြံ့ခိုင်ရေးပါတီဝင်တစ်ဦးဖြစ်ပြီး ''လူထုပုံရိပ်''ဂျာနယ်စတင်တည်ထောင်စဉ် ကာလကပင် သတင်းကိစ္စများအား ဝင်ရောက်မစွက်ဖက်ရန် ကတိပေးထားသော်လည်း ယခုအချိန်တွင် စွက်ဖက်မှုများရှိလာပြီး လုပ်ပိုင်ခွင့်များ နည်းပါးလာသောကြောင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ''သူ သွားချင်တဲ့ trend က သူက ပြည်ခိုင်ဖြိုးက ဆိုတော့ သူက NLD ဖောင်းပေးရေးတာ မကြိုက်ဘူး။ သူကိုယ်တိုင်ပဲ တနင်္ဂနွေနေ့ကခေါ်ပြီး ပြောထားတယ်။ သူက ပြည်ခိုင်ဖြိုးက၊ သူ့မှာလည်း ရည်မှန်းချက်ရှိတယ်ဆိုပြီး ပြောထားတာရှိတယ်။ အမှုဆောင်အရာရှိချုပ်ကလည်း ဝင်ရောက်စွက်ဖက်တာ ရှိတယ်။ သတင်းတွေပေါ့။ သတင်းသုံးသပ်ချက်တွေရေးတဲ့အခါမှာ အစိုးရကို တိုက်ခိုက်ရေးသားတယ်ဆိုပြီး သူတို့က အဲဒါကိုမကြိုက်တာ။ အမှုဆောင်အရာရှိချုပ်က တာဝန်ခံကတစ်ဆင့် သူ့ဌေးက ပြောခိုင်းတယ်ဆိုပြီးပြောတာ''ဟု ဦးတင်မောင်ထွေးက မြန်မာသံတော်ဆင့်သို့ ပြောသည်။

လူထုပုံရိပ်ဂျာနယ် ထုတ်ဝေသူသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ဖြစ်သည့်အလျောက် ၂၀၁၅တွင် လက်ရှိရေးသားချက်များသည် အနှောင့်အယှက်ဖြစ်လာနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံမှုများရှိလာပြီး ဆောင်းပါးများ၊ သတင်းများအား ပြင်ဆင်ခြင်းများ၊ ပယ်ဖျက်ခြင်းများ ပြုလုပ်လာသောကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း နုတ်ထွက်သူများထဲမှ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးခင်ဝင်းက ပြောသည်။

''သူက သတင်းအဖွဲ့ကိုခေါ်ပြီးတော့ သူသွားချင်တဲ့ပုံစံကို ရှင်းပြတယ်။ ကျွန်တော်တို့ကလည်း ခပ်ညံ့ညံ့အယ်ဒီတာတွေ မဟုတ်တဲ့အတွက် မလုပ်နိုင်ဘူးဆိုပြီးတော့ ကျွန်တော်ထွက်တယ်ဆိုပြီးတော့ တရားဝင်နုတ်ထွက်လိုက်တာ။ အရင်တုန်းကတော့ CEOက ပြောတာတွေရှိပါတယ်။ ဒါပေမဲ့ ခုက ထုတ်ဝေသူကိုယ်တိုင်ပြောလာတာဖြစ်လို့ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်တာ''ဟု တာဝန်ခံအယ်ဒီတာ ဦးခင်ဝင်းက မြန်မာသံတော်ဆင့်သို့ ပြောသည်။

ဦးနန္ဒာလှမြင့်မှာ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၏ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်ကာ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးပြီး ကျိုင်းတုံဟိုတယ်သစ်အတွက်လည်း တစ်နှစ်လျှင် ကျပ်သိန်း ၄၈၀၀ ဖြင့် တင်ဒါအောင်မြင်ထားသူဖြစ်သည်။

လူထုပုံရိပ်ဂျာနယ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် စောင်ရေ ၁၀၀၀၀ ကျော်ခန့်ရှိသည်။

လူထုပုံရိပ်သတင်းဂျာနယ်အား ဘယ်အစိုးရ၊ ဘယ်အဖွဲ့အစည်း၏ လက်ကိုင်တုတ် မဖြစ်စေရန် မူဝါဒချထားပြီးဖြစ်ကာ သတင်းများ ဖော်ပြရာတွင်လည်း ပြည်သူလူထုအကျိုးရှိမည့်သတင်းများပင် ဖော်ပြရန် မူဝါဒချထားကြောင်း ''အစ်ကိုက ပြည်ခိုင်ဖြိုးပါတီကမို့လို့ ဒါတွေ ထိခိုက်သွားမှာစိုးလို့ လုပ်နေတာမဟုတ်ဘူး။ အဲ့ရည်ရွယ်ချက်မဟုတ်ဘူး။ အစ်ကိုက ပြည်ခိုင်ဖြိုးပါတီကဆိုတာ မှန်တယ်။ သို့သော်လည်းပဲ အစိုးရကောင်းရင်လည်း ကောင်းတယ်။ မကောင်းရင်လည်း မကောင်းဘူး။ တခြားပါတီတွေကောင်းရင်လည်း ကောင်းတယ်။ မကောင်းရင်လည်း မကောင်းဘူး။ အဲလိုရေးတာတောင် ပြည်သူလူထုအတွက် အကျိုးရှိမှ ရေးခိုင်းတာ။ အဓိပ္ပာယ်မဲ့ ခပ်ပေါပေါတွေ မရစေချင်ဘူး'' ဟု လူထုပုံရိပ် ဂျာနယ်ထုတ်ဝေသူ ဦးနန္ဒာလှမြင့်က မြန်မာသံတော်ဆင့်သို့ပြောသည်။

၂၀၁၃ခုနှစ်ကုန်ပိုင်းကလည်း လူထုပုံရိပ်ဂျာနယ်မှ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာတို့ ထုတ်ဝေသူနှင့် သဘောထားကွဲလွဲကာ နုတ်ထွက်မှုဖြစ်ပေါ်ခဲ့ဖူးသည်။

**ဝိုင်းမော်**

# OIC အပါအဝင် ပြည်ပအဖွဲ့အစည်းများ၏ အထောက်အပံ့ရယူထားသည့်သတင်းမီဒီယာများ မြန်မာနိုင်ငံတွင်ရှိနေဟု အမျိုးသားနိုင်ငံရေးစောင့်ကြည့်အဖွဲ့ စွပ်စွဲ



**ရန်ကုန်၊ ဇူလိုင် ၈**

OIC အပါအဝင် အစ္စလာမ်အဖွဲ့အစည်းများမှ ငွေကြေးအထောက်အပံ့ရယူ၍ ပြည်တွင်း၌ လှုပ်ရှားလုပ်ကိုင်နေသည့် သတင်းမီဒီယာငါးခုခန့်ရှိပြီး ၎င်းတို့အား ဖော်ထုတ်အရေးယူသွားပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အမျိုးသားနိုင်ငံရေး စောင့်ကြည့်ရေးအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ကိုရဲမင်းဦးက ဇူလိုင် ၇ ရက်တွင် မြန်မာသံတော်ဆင့်သို့ ပြောသည်။

ဇူလိုင် ၄ ရက်က OIC အပါအဝင် အစ္စလာမ်အဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့ရယူနေသည့် သတင်းမီဒီယာများကို အစိုးရမှ စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်ရန် အလေးအနက်တိုက်တွန်းကြောင်း ထုတ်ပြန်ချက်တစ်ခုကိုလည်း ထုတ်ပြန်ခဲ့သေးသည်။

''အဓိကကတော့ ကျွန်တော်တို့ ပြည်တွင်းမှာ တစ်ဖက်စောင်းနင်းပေါ့နော်။ လူမျိုးခြားတွေပေါ်မှာ အသားပေးပြီးဖော်ပြတတ်တဲ့ ကိုယ့်လူမျိုးတွေခံနေရတာကို အမှန်အတိုင်းမဖော်ပြနိုင်တဲ့ မီဒီယာတွေ ပေါ်ပေါက်နေပြီလေ။ ဒါကို လက်ရှိမှာလည်း အချက်အလက်စုဆောင်းတုန်းကာလဖြစ်တယ်။ အွန်လိုင်းမီဒီယာရော၊ ပုံနှိပ်မီဒီယာရော ၄၊ ၅ ခု တွေ့ထားတယ်။ ဒါကို ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်ဖော်ထုတ်ပေးရမယ့်တာဝန်ရှိတဲ့အတွက် ကျွန်တော်တို့ တိုက်တွန်းတောင်းဆိုတာ ဖြစ်တယ်။ ဘယ်မီဒီယာဆိုတာ ကျွန်တော်တို့က အမည်နာမတပ်ပြီး ဖော်ပြနေစရာမလိုတော့ ယေဘုယျသဘောအနေနဲ့ကြေညာချက်ထုတ်တာပါ'' ဟု ဦးရဲမင်းဦးက မြန်မာသံတော်ဆင့်သို့ ပြောသည်။

မိမိတို့အဖွဲ့အနေဖြင့် သုတေသနပြုလုပ်ချက်များအရ ယင်းသို့ရေးသားသော သတင်းမီဒီယာ ၅ခုခန့်ရှိကြောင်း၊ မည်သည့်မီဒီယာဖြစ်သည်ကို အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်ရယူပြီးမှ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ယင်းသို့ရေးသားသောသတင်းမီဒီယာများကို စောင့်ကြည့်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်အရေးယူရန် တင်ပြမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ အရေးယူ၊ မယူဆိုသည်ကိုလည်း စောင့်ကြည့်အဖွဲ့အတိုင်းအတာနှင့်ညီအောင် စောင့်ကြည့်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်ဒေါက်တာမျိုးသန့်တင်က ''ဆရာတို့ကတော့ ကျင့်ဝတ်ကိုပဲ အခြေခံတယ်လေ။ ကျင့်ဝတ်နဲ့မီဒီယာ ဥပဒေအပေါ်မှာပဲ အခြေခံပြီးတော့ ပြဿနာတစ်ခုခုဖြစ်လာပြီဆိုရင် တစ်ဖက်က ဒီလိုတော့ဖြစ်နေပြီဆိုပြီး အသိပေးတယ်ပေါ့။ အသိပေးရင် လုပ်ထုံးလုပ်နည်းအရတော့ ဟိုဘက်က သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေကို ဆရာတို့ကခေါ်ပြီး ညှိတယ်။ နှစ်ဖက်စလုံး ညှိလို့မရဘူးဆိုရင်တော့ သူတို့ဘာသာသူတို့ တရားရုံးတက်ကြပေါ့။ ဆရာတို့ကတော့ ကြေညာချက်ထုတ်နိုင်တဲ့ အပိုင်းပဲရှိတယ်။ အရေးကြီးရင်တော့ ချက်ချင်းထုတ်ပြန်ဖို့ ရည်ရွယ်ထားတယ်''ဟု ၎င်းက မြန်မာသံတော်ဆင့်သို့ သုံးသပ်ပြောကြားသည်။

အမျိုးသားနိုင်ငံရေး စောင့်ကြည့်အဖွဲ့ကို ၂၀၁၄ခုနှစ်၊ ဖွန် ၁၇ ရက်တွင် လူအင်အား ၂၀ခန့်ပါဝင်ခြင်းဖြစ်ပြီး ကိုရဲမင်းဦးမှာ ယခင်က မြန်မာနိုင်ငံတွင် OIC ရုံး ဖွင့်လှစ်မည့်ကိစ္စအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်ခဲ့မှုဖြင့် ဗဟန်း၊ သာကေတနှင့် ကျောက်တံတားရဲစခန်းတို့မှ အမှုဖွင့်အရေးယူခဲ့ဖူးသည်။

**တင်ဇာအောင်**

# အိမ်ခြံမြေငှားရမ်းသူများ တစ်နှစ် အသားတင်အမြတ်ငွေ ၁၂ သိန်းကျော်လျှင် ဝင်ငွေခွန်ပေးဆောင်ရမည်

**ရန်ကုန်၊ ဇူလိုင် ၈**

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင် ငှားရမ်းခြင်းဖြင့် ရရှိသော ဝင်ငွေများသည် အခွန်စည်းကြပ်ရန် ထည့်သွင်းစဉ်းစားသော ဝင်ငွေအမျိုးအစားတွင် ပါဝင်နေသည့်အတွက် ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၂) အရ ငှားရမ်းသူများအနေဖြင့် ဝင်ငွေခွန်တွင် အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်း၊ ဇနီးသားသမီးများအတွက် ခံစားခွင့်များကို နုတ်ပယ်ပြီး အသားတင် အမြတ်ရရှိမှုဝင်ငွေအပေါ် ပေးဆောင်ရမည်ဖြစ်ပြီး အမြတ်ငွေ ၁၂ သိန်းကျော်ပါက စည်းကြပ်ဝင်ငွေခွန်နှုန်း ၁၈ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်က မြန်မာသံတော်ဆင့်သို့ ပြောသည်။

''အိမ်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံငှားထားတယ်ဆိုရင် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးတွေမှာ ငှားရမ်းလို့ရတဲ့ဝင်ငွေကိုသတင်းပို့ရမှာပေါ့၊ အခုက ၁၀၀ မှာ အယောက် ၂၀ လောက်ပဲဆောင်တယ်၊ ၈၀ လောက်ကလွတ်နေတာပေါ့၊ စက်မှုဇုန်မှာ စက်ရုံငှားထားတာတွေဆိုရင် အခွန်မဆောင်ကြဘူး။ ငှားရမ်းတာတွေကို အခွန်မဆောင်ရဘူးလို့ တချို့ကလည်း တင်ကြတာပေါ့၊ ဆောင်ရကောင်းမှန်းမသိတဲ့အခါကျတော့ ကြေညာတဲ့သဘောပါ၊ အခုလက်ရှိကတော့ အယောက် ၇၀ လောက်တော့ လာအခွန်ဆောင်ကြပြီပေါ့၊ အရေးယူတယ်ဆိုတာက အခွန်ဥပဒေမှာပါတယ်၊ သို့သော်လည်း အရေးယူတဲ့အဆင့်တော့ မလုပ်သေးဘူး၊ ကျန်နေသေးတယ်ဆိုရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် စစ်တမ်းကောက်ပြီး စိစစ်ဖော်ထုတ်မှာပါ''ဟုပြည်တွင်းအခွန်ဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်က ပြောသည်။

ယင်းကဲ့သို့ အိမ်ခြံမြေငှားရမ်းသူများအနေဖြင့် ရရှိသည့် အသားတင် အမြတ်ငွေ ၁၂ သိန်းကျော်ပါက အခွန်ပေးဆောင်ရခြင်းမှာ ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်တွင် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအရဖြစ်ပြီး လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်မှ သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် အမြတ်ငွေသိန်း ၂၀ အောက်ဆိုပါက အခွန်စည်းကြပ်မှုမှ ကင်းလွတ်မည်ဖြစ်သည်။

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံ ငှားရမ်းထားသူ ပိုင်ရှင်များအနေဖြင့် ငှားရမ်းသည့် အဆောက်အအုံ၊ မြေတည်ရှိရာ လိပ်စာ၊ ပိုင်ရှင်အမည်၊ နေရပ်နှင့် ဖုန်းနံပါတ်၊ ငှားရမ်းသူအမည်၊ ကာလနှင့် တစ်လငှားရမ်းခများကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ မပျက်မကွက်ပေးပို့ရန်လည်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

အဆိုပါအိမ်ခြံမြေငှားရမ်းသူများ ဝင်ငွေခွန်ပေးဆောင်ရမည့်ကိစ္စနှင့် ပတ်သက်၍ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ''အခုလက်ရှိက ဝယ်ရောင်းလုပ်တယ်ဆိုရင်တော့ ရောင်းချတဲ့ဝင်ငွေရဲ့ ၃၉ ရာခိုင်နှုန်းကိုတော့ စည်ပင်ကို အခွန်ဆောင်ရတာပေါ့၊ ငှားရမ်းတာကတော့ အခွန်တော့ဆောင်ရမှာပေါ့၊ ဒါပေမဲ့ လုပ်နေကျတော့ နားလည်မှုယူပြီးတော့ လုပ်နေကြတာပေါ့၊ ငှားလိုက်တယ်ဆိုရင်တော့ ငှားတဲ့အခွန်ကိုမဆောင်တာများတယ်၊ အစိုးရမြေကို ငှားတယ်ဆိုရင်တော့ ဆောင်ရတာပေါ့၊ နိုင်ငံတော်က သတ်မှတ်ထားတာတော့ရှိတာပေါ့၊'' ဟု ပြောသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်း အခွန်အခများကို ဥပဒေနှင့်အညီ ပေးဆောင်ရမည်ဖြစ်ပြီး မည်ကဲ့သို့ပေးဆောင်ရမည်ကို ပြည်ထောင်စုအခွန်အကောက်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့တွင် အသေးစိတ်ပြဋ္ဌာန်းသတ်မှတ်ထားသည်။

ပြီးခဲ့သည့် လပိုင်းအတွင်းကလည်း ကုလလက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် UNICEF, WHO အဖွဲ့အစည်းရုံးခန်းများအတွက် အိမ်ငှားရမ်းဈေးနှုန်းမြင့်မားသည့် သတင်းများ မီဒီယာများ၌ ထွက်ပေါ်လာပြီးနောက် အစိုးရအနေဖြင့် ယင်းငှားရမ်းမှုများမှ အခွန်မည်မျှ ရနေသနည်းဆိုသည့် မေးခွန်းထုတ်မှုများလည်း ထွက်ပေါ်ခဲ့သေးသည်။



**သဥ္ဇာဆွေ**

# ကြွေးကြော်သံ ဆောင်ပုဒ်တို့၏ အရှင်သခင် စာရေးဆရာကြီး



မြတ်ဆွေ

သတင်းသမားအဖြစ် သတင်းစာခရီးကို လျှောက်လှမ်းခဲ့သည်မှာ အနှစ် ၅၀ ကျော်ခဲ့ပါပြီ။ အသက်လည်း ရလာခဲ့ပါပြီ။ သို့သော် မိမိ၏ဘဝခရီးသည် ဘာမျှမကြာလိုက်ဟု ခံစားရသည်။ တစ်ခဏဟု ထင်မှတ်ရပါသည်။

ယခုအခါ ကျန်းမာရေးမကောင်းလှ၍ နားနေရသည်။ သွားသွားလာလာမပြုနိုင်သောကြောင့် အိမ်မှာထိုင်၍ စာရေးစာဖတ်သာ လုပ်နေရသည်။ တကယ်တော့ စာကိုပင် ကောင်းစွာမရေးချင်တော့ပါ။ စာဖတ်တာကိုသာ အာသီသရှိနေလေသည်။

ကျန်အချိန်များမှာတော့ နိုင်ငံခြားသတင်းနားထောင်၊ တီဗွီဖွင့် မြန်မာ့ရုပ်မြင်သံကြားကိုကြည့်မိလေသည်။ သတင်းကဏ္ဍကို ဦးစားပေးကြည့်ပါ၏။ သတင်းကြေညာပြီးလျှင် ပထမဆုံးဝင်လာတတ်သောကြော်ငြာကတော့ 'ဈေးဝယ်ရင်ဘယ်မှာ စိတ်ချရပါတယ်ဆိုသော ကြော်ငြာဖြစ်လေသည်။ နှစ်အတော်ကြာပါပြီ။ ထိုကြော်ငြာမှာ ဆင်တူယိုးမှား အတုခိုးထားသော ကြော်ငြာတစ်ပုဒ်သာဖြစ်လေသည်။

မူရင်းအဖြစ် ဖဆပလခေတ်ကပင် ကြော်ငြာတစ်ပုဒ်ရှိခဲ့သည်။ ထိုကြော်ငြာမှာ 'ဆေးဝယ်ရင် ဒီဇူဇာမှာ စိတ်ချရတယ်' ဟူ၍ဖြစ်ပါသည်။ သည်တော့ ကျွန်တော့်အတွေးတို့သည် တစ်ဖန် အတိတ်ဆီသို့ ပျံ့လွင့်ခဲ့ရပြန်လေသည်။ စာရေးဆရာ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့် ရုပ်ပုံလွှာသည် ဖျတ်ခနဲပေါ်လာသည်။

စာရေးဆရာအဖြစ် အရှေ့ကနေဝန်းထွက်သည့်ပမာ၊ စစ်အတွင်းခရီးသည်၊ မဟာမိတ်နှင့်ဗမာ့တမန် စသော ရှည်ရှည်လျားလျားစာပေများကို ရေးသားခဲ့သည်။

သတင်းစာသမားအဖြစ် အတွေ့အကြုံများကိုတော့ ''ပွင့်ပွင့်လင်းလင်း ပြောပါရစေ'' ခေါင်းစဉ်ဖြင့် ဗိုလ်တထောင်သတင်းစာမှနေပြီး နေ့စဉ်လို ပင်တိုင်ဆောင်းပါးရေးသားခဲ့လေသည်။ သတင်းစာဖတ်ပရိသတ်များ ဆရာသိန်းဖေမြင့်၏ ပွင့်ပွင့်လင်းလင်းကို စောင့်မျှော်ဖတ်ရှုကြရလေသည်။

ကျွန်တော်သည် ကြေးမုံသတင်းစာ ဝိုင်းတော်သားအဖြစ် အယ်ဒီတာချုပ်ပင်တိုင် ဆောင်းပါးရှင် ဆရာဇဝနနှင့် နေ့စဉ်ထိတွေ့ဆက်ဆံခဲ့ရသည်။ ဆရာဇဝန၏ အတွင်းသား စိတ်နေသဘောထားကအစ ကျွန်တော်သိသည်။ ဆရာသည် နှုတ်ကတော့ မချို၊ ပြောစရာရှိ ပြောချလိုက်၏။ သို့သော် စိတ်သဘောဖြူစင်သူဖြစ်လေသည်။

စာပေအနေဖြင့်ကား စာရေးဆရာအဖြစ် ဗိုလ်လို့အောင်မြင်သည်ဟု ထင်မှတ်မိပါသည်။ ဆရာ၏ ကောလိပ်ဂျင်နေဝင်းကို မွေးဖွားပေးလိုက်သည်အထိ 'ကောလိပ်ဂျင်' ဝတ္ထုကြီးသည် ကျော်ကြားခဲ့သည်။ ဆရာဇဝနက စာရေးဆရာပီသသည်။ ဆရာသိန်းဖေမြင့်ကတော့ သတင်းစာဆရာပီသ၍ သတင်းလောက၌ ထူးခြားမှုရှိနေပြန်သည်ဟု ကျွန်တော်ယူဆမိသည်။

အထက်က တင်ပြခဲ့သည့်အတိုင်း ဆရာ့ကို သတိရမိသည်မှာ ဈေးဝယ်ရင်ဘယ်မှာစိတ်ချရတယ်ဟူသည့် တီဗွီကြော်ငြာကို ကြည့်မိလေတိုင်းပင် ဖြစ်တော့သည်။

ဆရာသိန်းဖေမြင့်သည် တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့သော ဒီဇူဇာဆေးတိုက်ကြီးအတွက် 'ဆေးဝယ်ရင် ဒီဇူဇာမှာ စိတ်ချရတယ်' ဟူသော ဆောင်ပုဒ်ကြော်ငြာတိုကလေး ရေးပေးခဲ့သည်။

ဖဆပလခေတ်ဦးက လွတ်လပ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်လက်ျာသည် ပင်လယ်ငါးဖမ်းလုပ်ငန်းကြီးကို ပြုလုပ်နေလေသည်။ သူ့လုပ်ငန်းအတွက် ဆရာသိန်းဖေမြင့်က ကြော်ငြာတိုကလေး ရေးပေးလိုက်သည်။

'ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်' တဲ့။ ထိမိသောကြော်ငြာဆောင်ပုဒ်တစ်ခုပင်ဖြစ်လေသည်။ ထို့နောက် ဗိုလ်တထောင် သတင်းစာကို ဆရာဦးသိန်းဖေမြင့်တို့ ဦးဆောင်ထုတ်ဝေကြသည်။ ဆရာက ဘယ်လိုကြော်ငြာရေးပေးသလဲဆိုလျှင် 'ဗမာတွေမပူနဲ့ ဗိုလ်တထောင်လာပြီ' တဲ့။

> **"ဗမာတွေမပူနဲ့ ဗိုလ်တထောင်လာပြီ" တဲ့ ဆရာသိန်းဖေမြင့်၏ သတင်းစာဆရာပီသသော လက်သံပြောင်မှုများပင် . . .**

ဆရာသိန်းဖေမြင့်၏ သတင်းစာဆရာပီသသောလက်သံပြောင်မှုများပင် ဖြစ်လေသည်။

ကျွန်တော်က ဆရာ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ သတင်းစာကြော်ငြာတိုကလေးများ၊ ဆောင်ပုဒ်ကလေးများ ရေးသားမှုလောက်သာ သိမြင်ခဲ့သည်။

ဆရာသည် နိုင်ငံရေးနှင့် ပတ်သက်၍လည်း ထဲထဲဝင်ဝင်ရှိသည့် ထိပ်တန်းနိုင်ငံရေးသမားကြီးဖြစ်သည်။ ဖဆပလ စတင်ဖွဲ့စည်းစဉ်က ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့နှင့် လက်တွဲခဲ့သည်။ ထို့နောက်မှသာ ဖဆပလ အစည်းပြေရခြင်း ဖြစ်လေသည်။ ထားပါတော့၊ ဆရာနှင့် ပတ်သက်၍ နိုင်ငံရေးကိစ္စများကို တင်ပြရန်မဟုတ်ပါ။

ဆရာ၏သတင်းစာသမားပီသသော အရည်အသွေးကိုသာ ကျွန်တော် ဖော်ထုတ်တင်ပြလိုပါသည်။ ဆရာသည်နယ်ချဲ့ဆန့်ကျင်ရေး ခေတ်တစ်ခေတ်လုံး ဒီခေါင်းဆောင်များနှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ ထိရောက်စွာ ထိုးနှက်ခဲ့သည်။

အရှိန်ညီးညီးတက်ကြွသော သခင်တို့၏ ဇာတိသွေး ဇာတိမာန်ကို ထိရောက်စွာ အသုံးပြုရန်လိုသည်။ နယ်ချဲ့ခေတ်တွင် ပြင်းထန်သော ကြွေးကြော်သံစကားလုံးဖြင့် နယ်ချဲ့ကို ဆန့်ကျင်ဖို့လိုသည်။

ဤတွင် 'မီးတုတ်မီးတုတ်ရှို့ရှို့ . . . သခင်မျိုးဟေ့ ဒို့ဗမာ' ဆိုသော ကြွေးကြော်သံကြီး မြည်ဟည်းပေါက်ကွဲလာလေသည်။ ဤကြွေးကြော်သံကို ဘယ်ပုဂ္ဂိုလ် ဘယ်ခေါင်းဆောင်ကဖော်ထုတ်လိုက်သလဲ။ ကျွန်တော်တို့ ကွဲကွဲပြားပြားမသိကြ။ နိုင်ငံရေးသမား၊ စာပေသမား အတော်များများ မသိကြသလို အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်။

တစ်နေ့တွင် မြန်မာ့အလင်းသတင်းစာ ဒုတိယအယ်ဒီတာချုပ် ချစ်ကြည်ရေးကြည်ညွှန့် ကျွန်တော့်ကို လာခေါ်သည်။ ဆရာသိန်းဖေမြင့် အိမ်သွားရန် အဖော်ခေါ်ခြင်းဖြစ်သည်။ (ချစ်ကြည်ရေးကြည်ညွှန့်သည် သူရိယနှင့် မြန်မာ့အလင်းဆိုသော သတင်းစာသမိုင်းစာအုပ် ပြုစုသွားသူဖြစ်၏။ ယခု သူ ကွယ်လွန်သည်မှာ ၁၀ နှစ်ကျော်ခဲ့ပြီ)

ဆရာသိန်းဖေမြင့်အိမ်သို့ ကျွန်တော် နှစ်ခေါက်၊ သုံးခေါက်ရောက်ဖူးခဲ့ပြီကို ဦးကြည်ညွှန့်သိထားပုံရသည်။ ဆရာကစည်းကမ်းရှိသည်။ သိကျွမ်းခြင်းမရှိ၊ ချိန်းဆိုချက်လည်းမရှိသောသူများကို လက်ခံတွေ့ဆုံခြင်း မပြုပေ။

ကျွန်တော်တို့ရောက်သွားတော့ ဆရာ စာရေးနေရာမှ ခေတ္တရပ်နားပြီး ဧည့်ခန်းထဲ ဝင်လာပုံရလေသည်။ ဦးကြည်ညွှန့်က ဆရာ့ကိုအားနာ၍ လာရင်းကိစ္စကိုပဲပြောသည်။

''ဆရာ့.. သိချင်တာလေး တစ်ခုရှိလို့ပါ။ နယ်ချဲ့ခေတ်က 'မီးတုတ် မီးတုတ် ရှို့ ရှို့.. သခင်မျိုးဟေ့ ဒို့ဗမာ ကြွေးကြော်သံ' ဘယ်သူရေးပါသလဲဆိုတာ သိပါရစေ''

''ခင်ဗျားတို့က ဘယ်လိုကြားလို့လဲ''

''ဆရာ့လက်ရာဖြစ်မှာပဲဆိုတာ.. ၊ သတင်းထောက်ပဲ ဆရာ.. သိပါတယ်''

ဦးကြည်ညွှန့်က ထောက်ကွက်ကလေးဖြင့် ပြန်ဖြေလိုက်သည်။ သည်တော့လည်း ဆရာက ငြင်းမနေတော့။ 'ဒါက ဒီလိုရှိခဲ့တယ်ဗျာ' ဟုသာ ရှင်းပြတော့သည်။

''အိန္ဒိယကွန်ဂရက်ပါတီက နိုင်ငံရေးအရ နယ်ချဲ့ဆန့်ကျင်ရေးဆန္ဒပြပွဲတွေကျင်းပတယ်ဗျာ။ အဲဒီအခါမှာ ဟိန္ဒူစတန်ဘာသာနဲ့ အင်းကလပ် ဆင်းနဘတ်– အင်းကလပ် – ဆင်းနဘတ်လို့ ကြွေးကြော်ကြတယ်၊ အဲဒါကို ကိုယ်သဘောကျမိတယ်''

''တစ်ဆက်တည်းပဲ မီးတုတ် မီးတုတ် ရှို့ရှို့ဆိုတဲ့ ကြွေးကြော်သံ ခေါင်းထဲကို ရောက်လာခဲ့တယ်''

ဆရာ၏ ရှင်းပြချက်ကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသောအခါ များစွာပီတိဖြစ်မိပါ၏။

ဆရာဦးသိန်းဖေမြင့်ကား ထိပ်တန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သလို ထိပ်တန်းသတင်းစာဆရာကြီး ပီသပါပေသည်။

ကြွေးကြော်သံများ၊ ဆောင်ပုဒ်များ ဖော်ထုတ်ရာတွင် နှစ်ယောက်မရှိ၊ တစ်ဦးတည်းသောသတင်းစာဆရာဖြစ်ကြောင်း အကြွင်းမဲ့လက်ခံယုံကြည်လိုက်မိပါ၏။

# မြန်မာသံတော်ဆင့်မှ ဝန်ထမ်းများ၏လှူဒါန်းမှု

## ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး တည်ထားခဲ့သော တဝစေတီ ရွှေသင်္ကန်းကပ်အလှူငွေ

### ဝန်ထမ်းများနှင့် မြန်မာသံတော်ဆင့်သတင်းဌာနစုပေါင်း၍ အလှူငွေကျပ် ၁၅ သိန်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဦးကျော်စွာဝင်း | ၅၀၀၀၀ | ၂၀။ | ဦးချမ်းမြေ့နိုင် | ၅၀၀၀ |
| ၂။ | ဆရာမင်းဆက်(W.B) | ၅၀၀၀၀ | ၂၁။ | ဦးဇော်မင်းအောင် | ၂၀၀၀၀ |
| ၃။ | ဦးဆန်းဝင်းထွန်း | ၅၀၀၀၀ | ၂၂။ | ဦးမြင့်ဇော် | ၅၀၀၀၀ |
| ၄ | ဦးအောင်ကျော်မင်း | ၅၀၀၀၀ | ၂၃။ | ဒေါ်နိုင်မျိုးလွင် | ၁၅၀၀၀ |
| ၅။ | ဦးအုံ့ခေါင်မင်း | ၅၀၀၀၀ | ၂၄။ | ဒေါ်ဇာလီထွန်း | ၁၀၀၀၀ |
| ၆။ | ဦးအောင်ထွန်းလင်း | ၅၀၀၀၀ | ၂၅။ | ဒေါ်စုစုဝင်း | ၁၀၀၀၀ |
| ၇။ | ဦးပြည့်စုံထွန်း | ၅၀၀၀၀ | ၂၆။ | ဒေါ်ညွှန့်လှဲ့ရည်ပိုင်း | ၁၀၀၀၀ |
| ၈။ | ဦးအောင်ကိုကို | ၅၀၀၀၀ | ၂၇။ | ဒေါ်ပိုးဇာဖြူ | ၁၀၀၀၀ |
| ၉။ | ဒေါ်နီလာစိုး | ၅၀၀၀၀ | ၂၈။ | ဒေါ်ဇင်မာ | ၂၀၀၀၀ |
| ၁၀။ | ဦးချစ်ကိုကိုသော် | ၁၀၀၀၀ | ၂၉။ | ဦးသူရိန်လင်း | ၂၀၀၀၀ |
| ၁၁။ | ဦးသားဖေထင် | ၅၀၀၀ | ၃၀။ | ဦးထက်နိုင်ဝင်း | ၂၀၀၀၀ |
| ၁၂။ | ဦးဇာနည်လင်းထွန်း | ၁၀၀၀၀ | ၃၁။ | ဦးကိုကိုလင်း | ၅၀၀၀ |
| ၁၃။ | ဒေါ်နိုင်သက်စု | ၃၀၀၀၀ | ၃၂။ | ဦးဖေယျာမိုး | ၁၀၀၀၀၀ |
| ၁၄။ | ဦးသီဟဇော် | ၁၅၀၀၀ | ၃၃။ | ဒေါ်သန္တာခင် | ၅၀၀၀၀ |
| ၁၅။ | ဒေါ်သူဇာမိုး | ၁၀၀၀၀ | ၃၄။ | ကိုသိန်းဇော် | ၅၀၀၀ |
| ၁၆။ | ဒေါ်တင်ဇာအောင် | ၁၀၀၀၀ | ၃၅။ | ကြီးပေါက် | ၅၀၀၀ |
| ၁၇။ | ဦးပိုင်းမော် | ၁၀၀၀၀ | ၃၆။ | ဒေါက်တာမြင့်သိန်း | ၃၀၀၀၀ |
| ၁၈။ | ဒေါ်သဥ္ဇာဆွေ | ၁၀၀၀၀ | ၃၇။ | ဦးသန့်စင်ဦး | ၃၀၀၀၀ |
| ၁၉။ | ဦးကျော်စိုးဦး | ၂၀၀၀၀ | ၃၈။ | ဦးကျော်စွာထွဋ် | ၃၀၀၀၀ |

## ပုဂံမနုဟာစေတီဘုရား ရွှေသင်္ကန်းကပ်လှူရန်

### ဝန်ထမ်းများနှင့် မြန်မာသံတော်ဆင့်သတင်းဌာနစုပေါင်း၍ အလှူငွေကျပ်သိန်း ၅၀

| စဉ် | အမည် | အလှူငွေ |
|---|---|---|
| ၁။ | ဦးကျော်စွာဝင်း | ၂၀၀,၀၀၀ |
| ၂။ | ဆရာမင်းဆက်(W.B) | ၂၀၇,၀၀၀ |
| ၃။ | ဦးဆန်းဝင်းထွန်း | ၂၀၇,၀၀၀ |
| ၄။ | ဦးဝင်းကိုကိုဦး(အုံ့ခေါင်မင်း) | ၂၀၀,၀၀၀ |
| ၅။ | ဦးအောင်ကျော်မင်း | ၁၀၀,၀၀၀ |
| ၆။ | ဦးဇော်နိုင်ဝင်း | ၈၀,၀၀၀ |
| ၇။ | ဦးတိုးလှိုင်အောင် | ၁၈၀,၀၀၀ |
| ၈။ | ဦးပြည့်စုံထွန်း | ၁၀၀,၀၀၀ |
| ၉။ | ဒေါ်နီလာစိုး | ၁၅၀,၀၀၀ |
| ၁၀။ | ဒေါ်မြင့်မြင့်အောင် | ၅၀,၀၀၀ |
| ၁၁။ | ဦးတင်လှိုင်(ကော့မှူး) | ၅၀,၀၀၀ |
| ၁၂။ | ဒေါ်တင်ဇာအောင် | ၂၅,၀၀၀ |
| ၁၃။ | ဒေါ်နိုင်မျိုးလွင် | ၂၀,၀၀၀ |
| ၁၄။ | ဦးဇာနည်လင်းထွန်း | ၅၀,၀၀၀ |
| ၁၅။ | ဒေါ်ဇာလီထွန်း | ၂၅,၀၀၀ |
| ၁၆။ | ဦးမြင့်ဇော် | ၁၀၀,၀၀၀ |
| ၁၇။ | ဦးသူရိန်လင်း | ၂၅,၀၀၀ |
| ၁၈။ | ဦးဖေယျာမိုး | ၅၀,၀၀၀ |
| ၁၉။ | ဦးထက်နိုင်ဝင်း | ၅၀,၀၀၀ |
| ၂၀။ | ဦးပိုင်သက်ဝင်း | ၂၅,၀၀၀ |
| ၂၁။ | ဦးသောင်းဝင်း | ၅၀,၀၀၀ |
| ၂၂။ | ဒေါ်နှင်းရည်ဦး | ၂၀,၀၀၀ |
| ၂၃။ | ဒေါ်ဝတ်ရည်နွေးနွေး | ၁၀၀,၀၀၀ |
| ၂၄။ | ဒေါ်နိုင်သက်စု | ၅၀,၀၀၀ |
| ၂၅။ | ဒေါ်ညွှန့်ဖူးဖူးဟန် | ၁၀၀,၀၀၀ |
| ၂၆။ | ဒေါ်ခင်ဇာခြည်သိမ့် | ၁၀၀,၀၀၀ |
| ၂၇။ | ဒေါ်ပြေဦး | ၅၀,၀၀၀ |
| ၂၈။ | ဦးကျော်စိုးဦး | ၅၀,၀၀၀ |
| ၂၉။ | ဦးအောင်မင်း(ဒလ) | ၅၀,၀၀၀ |
| ၃၀။ | ဒေါ်လှလှအေး | ၅,၀၀၀ |
| ၃၁။ | ဦးဝင်းသန့်စင် | ၃၀,၀၀၀ |
| ၃၂။ | ဦးအောင်ကိုကို | ၁၀၀,၀၀၀ |
| ၃၃။ | ဦးသန့်စင်ဦး | ၁၀၀,၀၀၀ |

မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၈ )၊ ဇူလိုင် ၁၂ - ၁၈ ၊ ၂၀၁၄ ခုနှစ်



# ဝန်ကြီးဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးစင်တာမှ အလှူရှင်များအား ကန့်သတ်နေဟု သတင်းများထွက်ပေါ်

**ရန်ကုန်၊ ဇူလိုင် ၈**

သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဦးဆောင်သည့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) နှင့် နားလည်မှုစာချွန်လွှာ MoU ရေးထိုးထားသည့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ စစ်ဖြစ်ပွားရာနေရာများ၊ ဒုက္ခသည်စခန်းများသို့ သွားရောက် လှူဒါန်းမှုများပြုလုပ်ရာတွင် ကန့်သတ်ခံရမှုများရှိနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသည့် အဖွဲ့အစည်းများတွင် European Union(EU), United Nations (UN), World Bank(WB), Japan International Cooperation Agency (JICA), The Nippon Foundation (TNF) အစရှိသည့် အဖွဲ့အစည်းပေါင်း (၂၆) ဖွဲ့ပါဝင်ပြီး MPC မှ ၎င်းတို့ မသွားရောက်စေလိုသည့် ဒေသများသို့ သွားရောက်ခြင်း မပြုရန် ကန့်သတ်မှုများရှိနေကြောင်း ယခုကဲ့သို့ သတင်းများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

''စိုက်ပျိုးရေးလုပ်မယ့်သူက စိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ MoU ထိုးရတယ်။ အခု နိပွန်ဖောင်ဒေးရှင်းက MPCနဲ့ MoUထိုးရတယ်။ သူတို့က ကချင်ကိုလာချင်တာ၊ MoU အရ ခွင့်မပြုဘူးလို့ ပြောထားတယ်။ MPC က ဝန်ကြီးဌာနတစ်ခုလား MoU ထိုးရအောင်။ ငြိမ်းချမ်းရေး လုပ်တဲ့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ဝန်ကြီးဌာနတစ်ခုလိုမျိုးတာဝန်ယူတယ်ဆိုရင်တောင် ဒီငြိမ်းချမ်းရေးအတွက် လိုအပ်တဲ့နေရာမှာ ရန်ပုံငွေပေးဖို့ကို ဘာဖြစ်လို့ကန့်ကွက်ရတာလဲ။ မြန်မာနိုင်ငံမှာကျတော့ NGO အလှူရှင်တွေလာတဲ့အခါ အစိုးရက ဘယ်နေရာပဲသွားပါ၊ ဘယ်နေရာမသွားပါနဲ့ဆိုပြီး ကန့်သတ်သလို တချို့နေရာတွေမှာ HIV အတွက်လုပ်ရင် ဆေးမပေးပါနဲ့ ပညာပေးပါ၊ တချို့နေရာတွေမှာ ဆေးပေးပါ၊ ပညာမပေးပါနဲ့ဆိုပြီး ပြောတယ်။ အခု နိပွန်ဖောင်ဒေးရှင်းဆို MPC နဲ့ MoU ထိုးထားတယ်။ သူတို့ ကချင်ကိုလာလို့မရဘူးလို့ သိရတယ်။ ဒီလိုကန့်သတ်မှုတွေက မြန်မာနိုင်ငံမှာ မတော်မနန်းဖြစ်နေတာတွေပဲ'' ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာက မြန်မာသံတော်ဆင့်သို့ ပြောကြားသည်။

နိပွန်ဖောင်ဒေးရှင်းအားကန့်သတ်မှုများ ရှိသည်ဟု ပြောဆိုနေမှုများအပေါ် မြန်မာသံတော်ဆင့်မှ အီးမေးလ်ဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ''မိမိတို့အနေဖြင့် ပဋိပက္ခကြောင့် ထိခိုက်မှုရှိသော လူ့အဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးအစီအစဉ်သည် မြန်မာနိုင်ငံလက်ရှိ အခြေအနေ၊ ဒေသအခြေအနေ အချိန်အခါများနှင့် လိုက်လျောညီထွေစွာ ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် အခါအားလျော်စွာ သတင်းမီဒီယာများနှင့် တွေ့ဆုံကာ သတင်းထုတ်ပြန်မည်ဖြစ်ပြီး ယခုမေးမြန်းထားသည့် မေးခွန်းများကိုလည်းဖြေကြားပေးမည်''ဟု TNF ၏ မြန်မာပြည်အခြေစိုက်ရုံးစီမံကိန်းဒါရိုက်တာ ဒက်စ်မွန်ဂျေမော်လ်ဂ်က ပြန်လည်ဖြေကြားသည်။

ယင်းသို့ ကန့်သတ်မှုများနှင့် ပတ်သက်၍ MPC မှ စီမံကိန်းအရာရှိ ဦးကျော်စိုးဟန်က ''ကျွန်တော်တို့က ကန့်သတ်တာ မဟုတ်ပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေ လုပ်တာပါ။ ကျွန်တော်တို့ကတော့ ကြားထဲက ညှိနှိုင်းကူညီပေးတာပါ။ မသွားရဘူးလို့လည်း ပြောခွင့်မရှိပါဘူး။ ဒုက္ခသည်များစာနာမှုကူညီထောက်ပံ့မှု အစီအစဉ်နဲ့ ကြားထဲကနေ ညှိနှိုင်းဆောင်ရွက်ပေးတာပါ။ ကျွန်တော်တို့ ညှိတဲ့အခါမှာ ကချင်ဘက်က လက်မခံတာပါ။ KIA ဘက်က မလိုဘူးဆိုပြီး ငြင်းတယ်။ KIA ဧရိယာထဲမှာရှိတဲ့ ဒုက္ခသည်စခန်းတွေအတွက် သူတို့ဆီက သဘောတူညီချက်တောင်းရပါတယ်။သူတို့ခွင့်မပြုရင် မသွားရပါဘူး'' ဟု မြန်မာသံတော်ဆင့်သို့ပြောသည်။

NGO, INGO အဖွဲ့အစည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနသို့မဟုတ် ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ အေဂျင်စီများနှင့် MoU ထိုးထားရသောကြောင့် အချို့သော ဒေသများသို့ သွားရောက်လှူဒါန်းရန်အတွက် ကန့်သတ်ခံရမှုများ ရှိနေကြောင်း၊ အစိုးရအနေဖြင့် NGO, INGO အဖွဲ့အစည်းများ၏သွားလာမှုများကို ကန့်သတ်မှုများမပြုလုပ်သင့်ကြောင်း။ MoU စာချုပ်လုပ်သည့်အခါတွင်လည်း မြန်ဆန်စွာ ပြုလုပ်သင့်ကြောင်း။ ပါတီ၊ အဖွဲ့အစည်းများအနေဖြင့် လူမှုရေးအကူအညီများကို နိုင်ငံရေးအရ အသုံးချမှုများမရှိသင့်ကြောင်း သုံးသပ်သူများလည်း ရှိသည်။

''အရေးကြီးတာက NGO, INGO တွေက ဘယ်လောက်အတိုင်းအတာအထိ တကယ်လိုအပ်တဲ့နေရာတွေကို လွတ်လွတ်လပ်လပ် သွားခွင့်ရှိ၊ မရှိနဲ့ ပြည်သူလူထုရဲ့လိုအပ်ချက်တွေကို တကယ်ဖြည့်ဆည်းပေးနိုင်မယ့်အနေအထား မျိုးဖြစ်အောင် အစိုးရက ပံ့ပိုးကူညီမှုပေါ့။ ဒီလိုကန့်သတ်တာတွေက နိုင်ငံတကာ လူမှုရေးစံနဲ့ မကိုက်ညီဘူး။ နိုင်ငံတကာအဖွဲ့အစည်းတွေက လှူတယ်ဆိုရင်လည်း ဘယ်သူလှူတယ်ဆိုတာ ပြည်သူလူထု သိဖို့လိုအပ်ပါတယ်''ဟု လူမှုတရားမျှတဖော်ဆောင်ရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သောင်းထွန်းက မြန်မာသံတော်ဆင့်သို့ သုံးသပ်ပြောကြားသည်။



**တင်ဇာအောင်**

# ဇုန်ထုတ်ကားများ ဖျက်သိမ်းခွင့်ပြုမည့်သတင်းပေါက်ကြားမှုကြောင့် ကညနဝန်ထမ်းအချို့ ကြိုတင်ဝယ်ယူသိမ်းဆည်းမှုများရှိ

**ရန်ကုန်၊ဇူလိုင် ၈**



ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များကို ဇူလိုင် ၁၄ ရက်မှစ၍ ဖျက်သိမ်းခွင့်ပြုမည့်ကိစ္စရပ်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းအချို့က ကြိုတင်သတင်းပေါက်ကြားမှုကြောင့် စက်မှုဇုန်ထုတ်ဂျစ်ကား အများအပြားဝယ်ယူသိမ်းဆည်းထားမှုများရှိကြောင်း ကားရောင်းဝယ်ရေးပြုလုပ်နေသူများက မြန်မာသံတော်ဆင့်သို့ ပြောသည်။

ယင်းစက်မှုဇုန်ထုတ်ယာဉ်များကို ၁၄ ရ ၂၀၁၄မှစ၍ ဖျက်သိမ်းခွင့်ပြုမည်ဖြစ်ပြီး အစားထိုးယာဉ်တင်သွင်းရာတွင် CIF တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့် အောက်ယာဉ်ကိုသာ တင်သွင်းခွင့်ပြုပြီး အခွန် ၂၀ရာခိုင်နှုန်းလျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဇူလိုင် ၈ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ ကြေညာထားသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မင်းရဲကျော်စွာ မော်တော်ယာဉ်ရောင်းဝယ်ရေး အသင်းမှ စာရင်းစစ်ချုပ်ဦးအေးကျော်က ''ဇုန်ထုတ်ကားတွေက တာဝန်ရှိတဲ့သူတွေနဲ့ ကညနမှာရှိတဲ့ ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ကညနရုံးရှေ့မှာ လုပ်တဲ့လိုင်စင်ပွဲတန်းတွေမှာပဲ အစီး ၆၀၊ ၇၀ လောက်ရှိတယ်။ သတင်းကြိုရလို့ ဝယ်သိမ်းတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ ကားပွဲစားတန်းမှာ မရှိဘူး''ဟု ပြောသည်။

အဆိုပါစက်မှုဇုန်ထုတ်ကားများ ပြန်လည်အပ်နှံခွင့်ပေးရန် အစီအစဉ်ရှိ/မရှိ အဆိုကို ဇွန် ၁၀ရက်က ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပျော်ဘွယ်မဲဆန္ဒနယ် ကိုယ်စားလှယ် ဦးမြင့်စိုးက မေးမြန်းခဲ့ရာ ရထားပို့ဆောင်ရေး ဒုဝန်ကြီး ဦးချန်မောင်က ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပေးမည်ဟုဖြေကြားခဲ့ပြီး တစ်လကျော်အကြာ၌ အပ်နှံခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ အပ်နှံခွင့်ပြုရန် စီစဉ်ပေးမည်ဟု ဒုဝန်ကြီးပြောဆိုခဲ့စဉ်ကလူတစ်စုအတွက်သာအကျိုးရှိနိုင်မည်ဟု ကားဝယ်ရောင်းသမားများက ဝေဖန်ခဲ့ကြသေးသည်။

ပြည်တွင်းစက်မှုဇုန်ကားများ ထုတ်လုပ်ခွင့်ကို ၂၀၀၁ ခုနှစ်မှ စတင်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီစံနှုန်းသတ်မှတ်ချက် ခွင့်ပြုချက်ဖြင့် စက်မှုဇုန်များမှထုတ်လုပ်ခဲ့ကြပြီး ယင်းထုတ်လုပ်သော မော်တော်ယာဉ်များအား စက်မှုဝန်ကြီးဌာနနှင့်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်းပါဝင်သော One Stop Service အဖွဲ့ဖြင့် ယာဉ်စစ်ဆေးပြီး မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄မေလကုန်အထိ စက်မှုဇုန်ထုတ် မော်တော်ယာဉ် ၉၈၃၃၄ စီး မှတ်ပုံတင်ဆောင်ရွက်ပြီးဖြစ်သည်။

ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့သည့် ဇုန်ထုတ်ဂျစ်ကားများမှာ ရှမ်းစတား၊ ထီလာ၊ မန္တလာနှင့် ရာဇာဂျစ်တို့ဖြစ်ပြီး ကားကိုယ်ထည်မှအပ အင်ဂျင်အပါအဝင် အခြားဆက်စပ်ပစ္စည်းများမှာ ပြည်ပမှတင်သွင်းလာသည့် ပစ္စည်းဟောင်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုကဲ့သို့ စက်မှုဇုန်ထုတ်ယာဉ်များကို ကညနဝန်ထမ်းအချို့နှင့် အရောင်းအောဂျင့်များ ပူးပေါင်း၍ ဝယ်ယူသိမ်းဆည်းထားခြင်းကို မင်းရဲကျော်စွာကားဝင်းမှ ကားပွဲစားတစ်ဦးက ''ကျွန်တော်တို့ယာဉ်ရောင်းဝယ်ရေးစခန်း တွေမှာတော့သိပ်မရှိဘူး။ အေးဂျင့်နဲ့ပေါင်းပြီး ဝယ်ထားတာ သန်လျင်ဘက်မှာအစီး ၆၀လောက်ရှိတယ်။ သိန်းနှစ်ဆယ်၊ နှစ်ဆယ့်ငါးသိန်းလောက်နဲ့ဝယ်ပြီး သိမ်းထားတာပေါ့။ CIF ၁၅၀၀၀အောက်သွင်းလို့ရတဲ့ ၂၀ ရာခိုင်နှုန်းဆိုတော့ အခွန်များသွားတာပေါ့။ မထူးပါဘူး။ ဒီကားတွေ ပယ်ဖျက်သွားတာပဲ ကောင်းတယ်လို့ သတ်မှတ်ရမှာပေါ့။ စလစ်ဈေးကျသွားမယ်ပေါ့''ဟုပြောသည်။

ထို့ပြင်စစ်အစိုးရလက်ထက်က ကားတင်သွင်းခွင့်ပါမစ်များမှာ သိန်းထောင်ချီ၍ တန်ကြေးရှိနေသဖြင့် အာဏာပိုင်များက ပါမစ်များအား ချုပ်ကိုင်ထားလေ့ရှိပြီး ၎င်းတို့၏အကျိုးစီးပွားမထိခိုက်စေရန်အတွက် စက်မှုဇုန်ထုတ်ကားများအား တပ်ဆင်ထုတ်လုပ်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သုံးသပ်မှုများရှိခဲ့သည်။ လက်ရှိတွင် ယာဉ်အိုယာဉ်ဟောင်း အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၁၁-၉-၂၀၁၁၌ နိုင်ငံပိုင်သတင်းစာများတွင် သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ၁၉-၉-၂၀၁၁တွင် စတင်ဆောင်ရွက်ခဲ့ရာ ၆-၆-၂၀၁၄ အထိ စုစုပေါင်း မော်တော်ယာဉ် ၁၃၀,၅၁၈ စီး ဖျက်သိမ်းပြီး ဖြစ်သည်။ **သဥ္ဇာဆွေ**

# မျက်မမြင်ကလေးများအတွက်

## ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် အသံလှူဒါန်းနိုင်

**ရန်ကုန်၊ ဇူလိုင်(၇)**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ မျက်မမြင်ကျောင်းများမှ ကလေးများ ဗဟုသုတတိုးပွားရေးအတွက် အကြောင်းအရာစုံ၊ ဘာသာရပ်စုံ စာအုပ်များကိုဖတ်ကြားအသံသွင်း၍ အလှူရှင်များ လှူဒါန်းနိုင်ကြောင်း ဇူလိုင် ၇ ရက်က ကြည့်မြင်တိုင်မြို့နယ်ရှိ မျက်မမြင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးမင်းက မြန်မာသံတော်ဆင့်သို့ ပြောသည်။

''ကျွန်မတို့က ဒီမှာကျောင်းသားတွေအတွက်ပေါ့ ပညာရေးကဏ္ဍမှာ တိုးတက်ဖွံ့ဖြိုးဖို့ရယ်၊ ဉာဏ်ရည်ဉာဏ်သွေး ဗဟုသုတတွေပိုပြီး တိုးလာအောင် ရည်ရွယ်ပြီး လုပ်တာပါ''ဟု ဒေါ်မိုးမိုးမင်းက မြန်မာသံတော်ဆင့်သို့ပြောသည်။

အသံလှူမည့် အလှူရှင်များသည် မိမိကြိုက်နှစ်သက်ရာ စာအုပ်များယူလာ၍ရပြီး ယင်းကျောင်း၌ ရှိသည့်စာအုပ်များလည်း အသုံးပြု၍ရကြောင်း၊ မူလတန်းကလေးများအတွက် ပုံပြင်၊ ကဗျာများ၊ အရွယ်ရောက်ကလေးများအတွက် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထုများ စိတ်ဝင်စားဖွယ် ဗဟုသုတရရှိစေမည့် အကြောင်းများ ဖတ်ကြားပေးစေလိုကြောင်း မျက်မမြင်ကျောင်းမှ ကျောင်းဆရာများက ဆိုသည်။

''ကျွန်တော်တို့ အမြင်အာရုံချို့တဲ့အားနည်းတဲ့ ဒီလိုကျောင်းတွေမှာရှိတဲ့ ကလေးတွေဟာ ပြင်ပဗဟုသုတ၊ စာပေဗဟုသုတ အရမ်းကို နည်းပါးလွန်းတယ်။ နည်းပါးလွန်းတယ်ဆိုတဲ့နေရာမှာ ပြင်ပစာအုပ်တွေကို တိုက်ရိုက်ဖတ်ခွင့်မရဘူးပေါ့နော်။ အဲဒီ့အတွက်အသံလှူတဲ့ အလှူရှင်တွေကို တွေ့ဆုံပြီးတော့ သူတို့ဖတ်ပြတဲ့ စာတွေကို Recording ဖမ်းတယ်။ ပြီးရင် အမြင်အာရုံချို့တဲ့တဲ့ ပုဂ္ဂိုလ်တွေကို ပြန်ဖြန့်ပေးတယ်။ အဓိက ကတော့ ဗဟုသုတလည်းပါမယ်။ ပညာရေးနည်းပညာပါမယ်။ ဒီက ကလေးတွေက အင်္ဂလိပ်စာနဲ့ သင်္ချာအားနည်းတယ်။ (၇)တန်းကနေ (၁၀) တန်းအထိကို အင်္ဂလိပ်စာ Recording ပေါ့။ အင်္ဂလိပ်လို ဘာသာပြန်၊ မီးနင်းတွေပါမယ်။ အဲဒါတွေကိုတော့ ကြိုးစားပြီးလုပ် ပေးနေပါတယ်'' ဟု ကျောင်းဆရာ ဦးစိန်ဘထွေးက ပြောသည်။

အဆိုပါ မျက်မမြင်ကျောင်းသည် အမှတ်(၁၃၂)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် တည်ရှိပြီး ကျောင်းသားပေါင်း ၁၄၀ ခန့်ရှိကြောင်း၊ အသံလှူလိုသူ အလှူရှင်များအနေဖြင့် ရုံးဖွင့်ရက်များအတွင်း မနက် ၉ နာရီမှ ညနေ ၅နာရီအထိ လာရောက်လှူဒါန်းနိုင်ပြီး ကိုယ်တိုင်မလာရောက်နိုင်သူများအတွက် မိမိအစီအစဉ်ဖြင့် မိမိအသံသွင်း၍လည်း လှူဒါန်းနိုင်မည်ဖြစ်သည်။

**တင်ဇာအောင်**

မြန်မာသံတော်ဆင့် THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၈ )၊ ဇူလိုင် ၁၂ - ၁၈ ၊ ၂၀၁၄ ခုနှစ်

# လာကပေါ်၊ အောင်ကျော် ဆွေးနွေးခန်း (၇၀)

# အမုန်းကွန်ရက်

စည်သူအောင်မြင့်

**ဦးနေမျိုးဝေတို့ ၅၉(စ) ထောက်ခံရေး၊ မျိုးစောင့်ဥပဒေပေါ် ပေါက်ရေး ဟောပြောပွဲတွေကို အမြဲတမ်းတက်ရောက် အားပေးထောက်ခံနေသူကတော့ ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဦးအောင်သိန်းလင်းပဲဗျ။ အဲဒီလိုပွဲတွေမှာ NDF ပါတီက ပြည်သူ့လွှတ်တော်အမတ် ဒေါ်ခင်ဝိုင်းကြည်လည်း ပါလိုက်သေး . . .**

**လာကပေါ်** – ကိုအောင်ကျော်၊ အခု ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး နောက်ကွယ်မှာ လက်မည်းကြီး ရှိရမယ် စနစ်တကျကြံစည်သူ ရှိရမယ် ဆိုပြီးပြောပြောနေကြတယ်။ နောက်တချို့ကလည်း ဒါဟာနိုင်ငံရေးနဲ့ ဆိုင်တယ်။ နိုင်ငံရေးရည်ရွယ်ချက်နဲ့ တမင်ဖန်တီးနေတယ်ဆိုပြီး ပြောကြတယ်ဆိုတော့– အဲဒီအကြောင်း ဆွေးနွေးကြည့်ရအောင်။

**အောင်ကျော်** – အစိုးရနဲ့ တိုင်းရင်းသားတွေ ငြိမ်းချမ်းရေးကိစ္စ မနီးစပ်သေးလို့ စိတ်လေးနေရတဲ့အထဲ ခင်ဗျားက အဲဒါတွေ ဆွေးနွေးချင်သေးသလား။

**လာကပေါ်** – သူများတွေသိပ်ပြီး မေးကြ မြန်းကြလို့ပါဗျာ။

**အောင်ကျော်** – ကဲ အဲတော့ခင်ဗျားကို ကျွန်တော်မေးမယ်။ အခုလို ဘာသာရေး၊ လူမျိုးရေးဆန်တဲ့ အကြမ်းဖက်မှုတွေ ဖြစ်ပွားလာရတဲ့ဆီမှာ အမုန်းတရား ဖြန့်ဖြူးနေတာတွေဟာ တကယ့်ရေခံ မြေခံ ပြဿနာပဲ ဖြစ်တယ်ဆိုတာ ခင်ဗျား လက်ခံလား။

**လာကပေါ်** – လက်ခံတယ်။

**အောင်ကျော်** – ဒါဆိုရင် အခု Facebook လူမှုကွန်ရက် စာမျက်နှာမှာ မတူကွဲပြားပါတီ ခေါင်းဆောင် ဦးနေမျိုးဝေနဲ့ မန္တလေး မဘသခေါင်းဆောင် အရှင်ဝီရသူတို့ ရေးနေသားနေ ဖော်ပြနေတာတွေဟာ အမုန်းတရားဖြစ်စေအောင် ဖန်တီးနေတာတွေလို့ ခင်ဗျားလက်ခံလား။

**လာကပေါ်** – နေမျိုးဝေကတော့ ရှင်းတယ်။ ဆဲလည်းဆဲတယ်။ ဒေါ်စုလိုမျိုးကိုတောင် သတ်လိုက် ဘာညာပြောတယ်။ အရှင်ဝီရသူကတော့ ဘာကြောင့် အဲဒီ စာရင်းထဲ ပါသွားရတာလဲ။

**အောင်ကျော်** – ခင်ဗျား ဝင်ဖတ်ကြည့်ပေါ့။ သူ့စာမျက်နှာကို ဖတ်ကြည့်လိုက်ရင် အစ္စလာမ်ဘာသာဝင်တွေဆိုတာ မုဒိမ်းမှု ကျူးလွန်သူတွေ၊ ဗုဒ္ဓဘာသာ ဗမာတွေကို စော်ကားသူတွေ၊ အကြမ်းဖက် တိုက်ခိုက်သူတွေ၊ မကောင်းတဲ့သူတွေအဖြစ် မုန်းတီးစရာကောင်းအောင်၊ မြင်အောင်ဖော်ပြထားတာ တွေ့ရလိမ့်မယ်၊ မဟုတ်ဘူးလား။

**လာကပေါ်** – အဲဒါတော့ ဟုတ်ပါတယ်။

**အောင်ကျော်** – နမူနာဗျာ။ မန္တလေးက အစ္စလာမ်ဘာသာဝင် လက်ဖက်ရည်ဆိုင် ပိုင်ရှင်နှစ်ယောက် ပျဉ်းမနားမှာ မုဒိမ်းမှုနဲ့ အမှုဖွင့်ခံရတယ်လို့ သတင်းထွက်တယ်။ ဒီတော့ အရှင်ဝီရသူတို့က ပျဉ်းမနား မဘသကို အဲဒီကိစ္စ စုံစမ်းခိုင်းတယ်။ ရဲစခန်းမှာ ဖွင့်ထားတဲ့ အမှုနံပါတ်ရတော့ အဲဒီကိစ္စ ဖေ့စ်ဘုတ်မှာရေးတင်တယ်။ ဆိုတော့ အခု (၆)လပတ် မြန်မာနိုင်ငံမှာ မုဒိမ်းမှုစုစုပေါင်း ၃၈၀ လောက်ဖြစ်တယ်။ အရှင်ဝီရသူတို့က ဘာကြောင့် အဲဒီ မုဒိမ်းမှုကိုမှ စုံစမ်းတာ၊ ဖေ့စ်ဘုတ်ပေါ် တင်ပြီး ဖြန့်ဖြူးတာလုပ်ရသလဲ။ အဲဒါ ဘုရားသားတော်သံဃာတွေရဲ့ အလုပ်လား။

**လာကပေါ်** – အင်း။ ကျူးလွန်တယ်လို့ စွပ်စွဲခံရသူဟာ အစ္စလာမ်ဘာသာဝင်မို့လို့ ဖြစ်မှာပေါ့–

**အောင်ကျော်** – အမှန်ပေါ့။ အဲ မန္တလေးမှာ အကြမ်းဖက်မှုစပြီး ဖြစ်ပွားနေချိန် ဇူလိုင် ၂ရက်နေ့ကထုတ်တဲ့ မန္တလေးတိုင်း မဘသရဲ့ ကြေညာချက်မှာဆိုရင် ပျဉ်းမနားမှာ အမှုဖွင့်တိုင်ကြားထားတဲ့ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေး မစိုးစိုး အဓမ္မပြုကျင့်ခံရမှုကို ပွင့်လင်းမြင်သာမှုရှိအောင် သတင်းထုတ်ပြန်ပေးဖို့၊ အဓမ္မပြုကျင့်တဲ့ အစ္စလာမ်ဘာသာဝင် နှစ်ယောက်ကို အမြန်ဆုံးဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူပေးဖို့ဆိုပြီး တောင်းဆိုတယ်လို့ ဖော်ပြထားတယ်။

**လာကပေါ်** – အင် – အဲဒီ အမှုက ရဲစခန်းတိုင်ထားဆဲ မဟုတ်လား။ ဒါတွေကို တရားရုံးက ဆုံးဖြတ်မှာပဲလေ။ တရားရုံးက အပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင် အပြစ်ပေးခံရမယ်ပေါ့၊ ဟုတ်ဘူးလား။ အဲလိုရေးသားဖော်ပြလို့ မသင့်တော်ဘူးလေ။

**အောင်ကျော်** – အဲဒါအမုန်းတရား ဖြန့်ဖြူးနေတာပဲဆိုတာ လက်ခံပြီလား။

**လာကပေါ်** – လက်ခံပါပြီ။

**အောင်ကျော်** – ကျွန်တော်ဆက်ပြောမယ်။ မန္တလေး မဘသအဖွဲ့ဆိုတာ မျိုးစောင့်ဥပဒေပေါ်ပေါက်ရေး ကြိုးပမ်းနေတဲ့ အဖွဲ့ထဲကတစ်ဖွဲ့။ အဲ . . . ဦးနေမျိုးဝေကလည်း မျိုးစောင့်ဥပဒေပေါ်ပေါက်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲက ပုဒ်မ၅၉ (စ)ဆက်ပြီးထားရှိရေး ဟောပြောနေတဲ့သူပဲဗျ။

**လာကပေါ်** – ပုဒ်မ ၅၉(စ) ဆိုတာ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတဖြစ်ခွင့်မရှိအောင် တားမြစ်ထားတဲ့ ဥပဒေပုဒ်မ မဟုတ်လားဗျာ။

**အောင်ကျော်** – ဒါပေါ့။ နောက် ရှမ်းမြောက် မဘသ၊ မန္တလေး မဘသနဲ့ ရန်ကုန်က မကွေးကျောင်းတိုက် ဆရာတော်တို့ဆိုရင် အစ္စလာမ်ဘာသာကိုးကွယ်တဲ့ ကာတာအခြေစိုက် အော်ရီဒူးဖုန်းဆင်းကတ်တွေ မသုံးဖို့၊ အဲဒီနံပါတ်နဲ့ ဝင်လာတဲ့ ဖုန်းတွေကိုလည်း မကိုင်ဖို့ လှုံ့ဆော်လှုပ်ရှားမှု ပြုနေတယ်ဆိုတာလည်း ခင်ဗျားသိတယ် မဟုတ်လား။

**လာကပေါ်** – အင်း . . . သတင်းမီဒီယာတွေမှာ ဖော်ပြလို့ ဖတ်ရ၊ သိရပါတယ်ဗျာ။

**အောင်ကျော်** – အဲဒါလည်းအမုန်းတရားကိုလှုံ့ဆော်တာမဟုတ်ဘူးလားဗျာ။ အဲတော့ ဆက်ပြောမယ်။ မကွေးကျောင်းတိုက်ဆရာတော်က ရန်ကုန်မှာ အော်ရီဒူးဆန့်ကျင်ရေးပွဲလုပ်တော့ အဲဒီမှာဟောပြောသူက ဓမ္မာစက္က ဦးမောင်မောင်နဲ့ ရွှေနေကြီး ဦးအေးပိုင်။ သူတို့ကလည်း အစ္စလာမ်ဘာသာ ဆန့်ကျင်ရေး အမုန်းတရားတွေ အကြီးအကျယ်ပြောကြတယ်။

**လာကပေါ်** – ဩော်။

**အောင်ကျော်** – နောက်ဦးနေမျိုးဝေတို့ ၅၉(စ) ထောက်ခံရေး၊ မျိုးစောင့်ဥပဒေပေါ်ပေါက်ရေး ဟောပြောပွဲတွေကို အမြဲတမ်း တက်ရောက်အားပေးထောက်ခံနေသူကတော့ ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဦးအောင်သိန်းလင်းပဲဗျ။ အဲဒီလိုပွဲတွေမှာ NDF ပါတီက ပြည်သူ့လွှတ်တော်အမတ် ဒေါ်ခင်ဝိုင်းကြည်လည်း ပါလိုက်သေး။

**လာကပေါ်** – ဘာတွေလဲဗျ။ ခင်ဗျားဟာ။ မန္တလေးအကြမ်းဖက်မှု၊ အမုန်းတရားဖြန့်ဖြူးသူတွေ၊ အရှင်ဝီရသူ၊ ဦးနေမျိုးဝေ၊ ရှမ်းမြောက်မဘသ၊ မန္တလေးမဘသ၊ ရန်ကုန် မကွေးကျောင်းတိုက် ဆရာတော်၊ မဘသ အဖွဲ့ကြီးအတွက် မျိုးစောင့်ဥပဒေနဲ့ ပတ်သက်ပြီး အမြဲတမ်း ဟောပြောနေတဲ့ ဓမ္မစက္က ဦးမောင်မောင်၊ ရွှေနေကြီး ဦးအေးပိုင်၊ ပြည်ခိုင်ဖြိုး ဦးအောင်သိန်းလင်း။ NDF ဒေါ်ခင်ဝိုင်းကြည် ဘာတွေလဲဗျ။ ရှုပ်ကုန်ပြီ။

**အောင်ကျော်** – အမုန်းကွန်ရက်လေဗျာ။ အမုန်းကွန်ရက် ဟားဟားဟားဟား။

## သံတော်ဆင့်ကာတွန်း The Myanmar Herald Cartoon





# ဇွဲကပင်မြေမှသည် သောင်ရင်းကို ကျော်၍

ဒေါက်တာမြင့်သိန်း(ရန်ကုန်တက္ကသိုလ်)

**ယခင်တစ်ပတ်အဆက်**

ကျောင်းအတွင်းအပေါ်ထပ်ရှိ တိုင်များကို ရွှေချထားသဖြင့် ရွှေကျောင်းဟု အမည်ရပုံပေါ်သည်။ ရွှေကျောင်းဆိုသည် မှာမြန်မာတွေ အမည်မှည့်ထားသည့် ကျောင်းအမည်လည်း ဖြစ်နိုင်ပေသည်။ အပေါ်ထပ်ဘုရားခန်းသို့ အနီးကပ်ပူဇော်ရာတွင် တစ်ဆင့်တက်ပူဇော်ရသည့် မြင့်မြတ်နေရာသဘောမျိုး ထားရှိထားပေသည်။ ထိုသို့အပေါ်ဆင့်ပေါ်သို့တက်သည့် ဘေးတွင် ဆိုင်းဘုတ်တစ်ခုရှိသဖြင့် ဖတ်ကြည့်လိုက်ရာ အမျိုးသမီးများမတက်ရဟု မြန်မာလိုနှင့် အင်္ဂလိပ်လိုရေးသား သတိပေးထားသည်ကို တွေ့ရသည်။ သူတို့လူမျိုးအချင်းချင်းက ထိုကဲ့သို့အဆင့်တစ်ဆင့်မြင့်ကာ ဘုရားခန်းထားလိုက်သည်နှင့် အမျိုးသမီးများ မတက်ရဟု သိထားပြီးဖြစ်ပုံရသည်။ သို့ကြောင့် မြန်မာတွေလာသည့်အခါ ဟိုတက်သည် တက်လုပ်ကြသဖြင့် သတိပေးဆိုင်းဘုတ်ထောင်ထားရပုံပေါ်သည်။အလွန်သပ္ပာယ်လှသည့်ဘုရားတစ်ဆူဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်လှသည့် ဤနေရာသည် တရားကျင့်ကြံအားထုတ်ရန် အလွန် ပင်ကောင်းလှပေသည်။ ပတ်ဝန်းကျင်သည်လည်းကျေးငှက်သံမှလွဲ၍ ဘာမျှမကြားရချေ။ ဘေးတွင်ရေကန်လေးရှိခြင်းကလည်းစိတ်ကိုကြည်နူးစေပေသည်။ သို့သော် ကျွန်တော်တို့အတွက် သဘာဝတရားကို ကြာကြာခံစားနေ၍မရနိုင်။ နံနက်ဖြနာရီမှညနေဖြနာရီအထိသာ ခွင့်ပြုထားခြင်းကြောင့် နောက်တစ်နေရာသွားရန် ခြေလှမ်းပြင်ရပြန်သည်။

**ဘူမိဘောဆည်**

ရွှေကျောင်းမှအပြန်တွင် ထိုင်းဘုရင်၏ အမည်ဖြင့်တည်ဆောက်ထားသည့် ဘူမိဘောဆည်သို့ ဝင်ကြသည်။ တောတောင်ထဲသို့ ဝင်ကာဖြတ် ကာမောင်းနှင်လာရင်းဖြင့်တောင်ကြားတွင် တည်ဆောက်ထားသည့်ဆည်ကို ဘွားခနဲမြင်တွေ့လိုက်ရသည်။ ယခင်က ရန်ဟီးဆည်ဟူသည့် အမည်ဟောင်းကိုပြောင်းကာ ထိုင်းဘုရင်၏အမည်ဖြင့် ဘူမိဘောဆည်ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ်ကတည်ဆောက်ခဲ့၍ ၁၉၆၄ ခုနှစ်တွင်ပြီးစီးခဲ့သည့်ဆည်ဖြစ်ပြီး ပင်းမြစ်ကိုပိတ်ကာ တည်ဆောက်ထားခြင်း ဖြစ်သည်။ ဆည်အမြင့် ၁၅၄မီတာ၊ ၄၈၆မီတာ ရှည်သည်။ ထိုင်းဘုရင်ကြီးသည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများအတွက်လိုအပ်သည့်နေရာများတွင် ဆည်ဆောက်ပေးခြင်းတို့ကို စိတ်အားထက် သန်စွာဆောင်ရွက်သူအဖြစ် သူတို့နိုင်ငံတွင် အလွန်ကြည်ညိုခံရသူဖြစ်သည်။

ကျွန်တော်တို့ ဆည်ပေါ်တက်ကြည့်ကာ သဘာဝအလှအပကို ခံစားကြသည်။ တောင်များဝန်းရံနေပြီး သဘာဝအမျိုးသားဥယျာဉ်၊ နရဲဆွန်ဥယျာဉ်များဖြင့် ဆက်စပ်တည်ရှိနေသည့် ဆည်ကြီးလည်းဖြစ်သည်။ သို့သော်ယမန်နှစ်က မြဝတီရေကြီးသည့်



ရွှေကျောင်းအတွင်း တရားအားထုတ်နေကြစဉ်

**ကျွန်တော်တို့နိုင်ငံမှာကဲ့သို့ လူမြင်ကွင်း သူမြင်ကွင်းမရှောင် အနိဋ္ဌာရုံစုံတဲ့ မြင်ကွင်းများလည်း ဤပန်းခြံတွင်မတွေ့ရခြင်းပင် သူတို့မှာက ညဘက်ကပွဲများက စိတ်ကြိုက်ရှိကြပေသည် ...**

ကိစ္စတွင်သည်ဆည်ဖောက်ချခဲ့ခြင်းကြောင့်လည်း ပါသည်ဆိုသဖြင့် ကြည့်ရှုလိုသည့်စိတ်ကပိုမိုများပြားခဲ့ခြင်းဖြစ်သည်။ ဆည်ပေါ်တွင် လှည့်လည်ကြည့်ရှုခွင့်ပေးထားသော်လည်း နေရာတိုင်းကိုတော့ မဟုတ်ချေ။ ရေလွှတ်ရာနယ်ပယ်ကို သွားခွင့်မရှိချေ။ ရေလျှံသည့်အခါ ဖောက်ထုတ်ရာနေရာကိုသွားခွင့်ပြုထားသဖြင့် သွားကြည့်မိသည်။ ဆည်ထဲသို့မိုးများစဉ်က ဝင်လာသည့်သစ်တိုသစ်စများ အပါအဝင်ရေလျှံစဉ်က ဖောက်ချလိုက်သဖြင့် ကျန်ရှိနေသည့် အပိုင်းအစများကို ရေပိုလွှဲပေါက်ဝတွင်တွေ့နေရဆဲပင် ဖြစ်သည်။ ရေပိုလွှဲသည့်နေရာက သောင်ရင်းမြစ်သို့ ဦးတည်နေသည်ဟုသိရသည်။ သို့သော် ရေဝင်ဧရိယာကသေးသဖြင့် အင်နှင့်အားနှင့်ရေဝင်လာပြီဆိုလျှင်တော့ မလွှဲမသွေဖောက်ထုတ်ရမည့် အနေအထားက ရှိပြီးသားပင်ဖြစ်သည်။ ထိုအချိန်မျိုးတွင် ဆည်အောက်ကျသည့်အရပ်တိုင်း ခံကြရသည်မှာလည်း နိုင်ငံတိုင်းပင်ဖြစ်သည်။ မဏိပူရ၊ အာသံဘက်မှဆည်များ ဖောက်ချသည့်အခါ၊ ဆည်ကျိုးသည့်အခါရခိုင်အထက်ပိုင်းတွင် ရေကြီးသလိုမျိုးပင် ဖြစ်သည်။

**သဘာဝပန်းခြံမှာ အပန်းဖြေစရာ**

ဘူမိဘောဆည်မှ ပြန်လာပြီးနောက် သဘာဝပန်းခြံသို့ ခရီးဆက်ကြသည်။ ကျွန်တော်တို့ကဘယ်သွားရမည် ဆိုသည်ကိုသိထားသည်တော့မဟုတ်ချေ။ ကားဆရာ၏မောင်းနှင်ရာကိုသာ မေးမြန်းရင်းသိရသည့် အဖြေဖြစ်သည်။ ကားဆရာက ''အခုသွားမယ့်နေရာက ကျောင်းဆရာပန်းခြံကိုပါ''ဟု ဆိုလာသည်။ ကျွန်တော်က ''ဘာဖြစ်လို့ကျောင်းဆရာပန်းခြံလို့ခေါ်တာလဲ''ဟုစပ်စုလိုက်သည်။''ပန်းခြံကသဘာဝအတိုင်းဖြစ်အောင် ပြုလုပ်ထားလို့သဘာဝပန်းခြံလို့ခေါ်ပေမယ့် လူတွေကဒီပန်းခြံကိုကျောင်းဆရာတစ်ဦးက မြေယာဧရိယာသတ်မှတ်ကာဝယ်ယူပြီး ကိုယ်တိုင်ပုံစံရေးဆွဲပြုလုပ်ထားလို့ ကျောင်းဆရာပန်းခြံလို့ပဲခေါ်ကြတယ်''ဟု ဆိုသည်။ ထိုကျောင်းဆရာတွင်နောင်တွင် ပါလီမန်အမတ်အဖြစ်လည်း တာဝန်ထမ်းဆောင်ရပြီး စီးပွားရေးလုပ်ရင်းမှ ချမ်းသာလာသူလည်းဖြစ်သည်ဟုဆိုသည်။ တစ်ခါတစ်ရံ သူကိုယ်တိုင်မြက်စိုက်၊ သစ်ပင်စိုက်လုပ်နေသည်ကိုလည်း တွေ့ရသည်ဟု ကားဆရာက ဆိုသည်။

ပန်းခြံသို့ရောက်သည့်အခါ အလွန်ပင်အံ့သြရသည်အထိသဘာဝနှင့်သဟဇာတဖြစ်အောင်ပြုလုပ်ထားသည့်ပန်းခြံဖြစ်နေသည်ကိုတွေ့ရသည်။ ဝင်လိုက်သည်နှင့် ကားထားရန်နေရာများပင်လျှင် သတ်မှတ်ထားသည့် အလှအပများဖြင့် ပြင်ဆင်ထားသည်ကိုတွေ့ရသည်။ ကားပေါ်မှဆင်းလိုက်သည်နှင့် သစ်တောကြီးထဲတွင် သစ်တောငယ်များအလှဆင်ထား သကဲ့သို့မြင်တွေ့လိုက်ရသည်။ သစ်ပင်ပုကလေးများ၊ ပန်းအလှခင်းများ၊ မြက်အလှခင်းများကို တွေ့ရသည်။ ပြီးလျှင်သဘာဝ ကျောက်တုံးများကို သစ်ပင်များနှင့် လိုက်ဖက်အောင် ပြုလုပ်ထားသည်။ အပေါ့အပါးသွားရန် နေရာကိုပင် တောအုပ်အသွင်ဖန်ဆင်းထားသည့် အဆောက်အအုံထဲသို့ ဝင်သွားရသည်။ အထဲတွင် ကျားမ ခွဲခြားထားသည့် အကန့်များရှိပြီး သန့်စင်ခန်းထဲသို့ ဝင်လိုက်သည်နှင့် လက်ဆေးကြွေဇလုံများမှ အစ ကျောက်ခက်များ၊ သစ်ပင်ပန်းပင်များနှင့်ရောကာပြုလုပ်ထားသည့် သဘာဝဆန်ဆန်လက်ရာများကို တွေ့ရမည်ဖြစ်သည်။ အိမ်သာများသည် ပင်လျှင်ထိုသို့မွမ်းမံထားသည်မှာ အလွန်ပင် ကြည့်ရှု၍အံ့အားသင့်စရာဖြစ်စေခဲ့ သည်။သန့်ရှင်းမှုကတော့ ပြောရန်ပင်မလိုတော့ချေ။

စာမျက်နှာ ၃၉ သို့-



ရွှေကျောင်းအပေါ်ထပ် ဘုရားခန်း

ဓာတ်ပုံ- ဒေါက်တာမြင့်သိန်း



သဘာဝနှင့်ပေါင်းစပ်လက်ရာ



ဘူမိဘောဆည် ရေပိုလွှဲနေရာရှေ့ အမှတ်တရ



သဘာဝဥယျာဉ်အဝင်ဝမြင်ကွင်း

# တရုတ်စကားပြန်လုပ်နေသူတွေအတွက် နှစ်ဘာသာသုံး ဘာသာပြန်ဆော့ဖ်ဝဲ

ဒီကနေ့ ကမ္ဘာပေါ်မှာ အသုံးအများဆုံး ဘာသာရပ်အဖြစ် အင်္ဂလိပ် ဘာသာစကားနဲ့ ဒုတိယ အသုံးအများဆုံး ဘာသာစကားအဖြစ် ရပ်တည်လာတာက တော့ တရုတ်ဘာသာစကားပါ။

နဂိုက အလုပ်အကိုင် တစ်ခုရဖို့ဆိုရင် အင်္ဂလိပ်လို တတ်ရမယ်ဆိုပြီး ပါပေမယ့်လည်း အခုနောက်ပိုင်းဆိုရင် တရုတ်ဘာသာစကားကို တတ်ရင် အလုပ်ရှာရတာ ပိုမိုလွယ်ကူတယ်လို့တောင် ဆိုနေကြပါပြီ။ ဒါကြောင့် မြန်မာပြည်က ဘာသာရပ်သင်တန်းတွေကို ကြည့်မယ်ဆိုရင် အင်္ဂလိပ်နဲ့ တရုတ်ဘာသာ သင်တန်းတွေက အများဆုံး ဖြစ်နေတာကို တွေ့ရမှာပါ။ ဒီတော့ မိမိမှာ Android Device တစ်ခုရှိတယ်ဆိုရုံနဲ့ သင်တန်းတက်စရာမလိုဘဲ တရုတ်ဘာသာစကားကို လေ့လာနိုင်မယ့် ဆော့ဖ်ဝဲတစ်ခုကို မိတ်ဆက်ပေးပါရစေ။

ဆော့ဖ်ဝဲကို KINGSAK PHOCHAI ဆိုသူက ၂၀၁၄ ခုနှစ်အတွင်းက လွှင့်တင်ခဲ့တာဖြစ်ပြီး မြန်မာ-တရုတ်၊ တရုတ်-မြန်မာ စသဖြင့် မိမိ စိတ်ကြိုက်သုံးစွဲနိုင်အောင် ဒီ Dictionary ဆော့ဖ်ဝဲကို ရေးဆွဲထားတာပါ။

စကားလုံးတွေရဲ့ အဓိပ္ပာယ်တွေကို တိုက်ဆိုင်ရှာဖွေတဲ့နေရာမှာ လွယ်လင့်တကူရှာဖွေနိုင်ဖို့အတွက် စီစဉ်ပေးထားပြီး မိမိရှာလိုတဲ့ စကားလုံးအလိုက် တရုတ်ဘာသာပြန်ထားတဲ့ စကားလုံးတွေကို လွယ်လင့်တကူ ရှာဖွေနိုင်မှာပါ။

ဒ့ါအပြင် စကားလုံးတွေကိုလည်းအက္ခရာစဉ်လိုက် ဖော်ပြထားပေးပြီး မိမိမကြာခဏ အသုံးပြုတတ်တဲ့ စကားလုံးတွေကိုလည်း ရှာဖွေရလွယ်ကူအောင်၊ Star ပြပြီး သိမ်းထားနိုင်အောင်လည်း ထည့်သွင်းရေးဆွဲပေးထားပါတယ်။

ဆော့ဖ်ဝဲကို အခုလို အခမဲ့ရေးသားဖြန့်ဝေရခြင်းဟာ မြန်မာ-တရုတ် နှစ်ဘာသာကို လေ့လာလိုသူတွေ၊ ဒါမှမဟုတ် တတ်ပြီးသား ဘာသာစကားကို ပိုပြီးတော့ တတ်ကျွမ်းလာအောင် ရည်ရွယ်ထားတာဖြစ်ပြီး မြန်မာ-တရုတ် နှစ်ဘာသာသုံး ဘာသာပြန်ဆော့ဖ်ဝဲအနေနဲ့ ပထမဆုံးလည်း ဖြစ်ပါတယ်။

Myanmar Chinese Dictionary ဆော့ဖ်ဝဲကို အသုံးပြုလိုတယ်ဆိုရင် မိမိရဲ့ Android Version က 2.3 နဲ့ အထက်ရှိရမှာ ဖြစ်ပြီး ဖိုင်ဆိုက်ကတော့ 2.1 MB ပဲ ရှိလို့ ပေါ့ပေါ့ပါးပါးပါတယ်။ လက်ရှိမှာ ဆော့ဖ်ဝဲ Version က 1.0 ပဲ ရှိသေးပြီး စမ်းသပ်သုံးစွဲသူပေါင်း ထောင်နဲ့ချီရှိနေပြီဖြစ်လို့ စမ်းသပ်သုံးစွဲချင်တယ်ဆိုရင်ဖြင့် ဂူဂဲလ်စတိုးမှာ အခမဲ့ ဒေါင်းလုပ်ခ် ရယူနိုင်ပါတယ်။

- - - -









# ပီဇာမုန့်ဘူးအရွယ် မြန်နှုန်းမြင့် စူပါကွန်ပျူတာ တည်ဆောက်နိုင်ရေး IBM ရည်မှန်း

ထုထည်ပမာဏကြီးမားသည့် မြန်နှုန်းမြင့် စူပါကွန်ပျူတာအား ပီဆာမုန့်ဘူးအရွယ်အဖြစ် ဖန်တီးတည်ဆောက်နိုင်ရန်အတွက် ရည်မှန်းထားကြောင်း ကမ္ဘာကျော် ကွန်ပျူတာကုမ္ပဏီတစ်ခုဖြစ်သည့် IBM မှ ရည်မှန်းထားသည်။

IBM မှ ထုတ်လုပ်ထားသည့် Waston ကွန်ပျူတာမှာ ပီဇာမုန့်ဘူးသုံးခုစာ အရွယ်ရှိနေပြီး ယင်းမှ တစ်ဆင့် ပီဆာမုန့်ဘူးတစ်ခုတည်း အရွယ် မြန်နှုန်းမြင့် စူပါကွန်ပျူတာ တည်ဆောက်ရန် ရည်မှန်းထားခြင်း ဖြစ်သည်။

''အဲဒါဟာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပဲ။ ဒီကွန်ပျူတာရဲ့ ဆိုက်ကိုချုံ့နိုင်လိမ့်မယ်လို့ တကယ့်ကို ယုံကြည်ထားတယ်''ဟု IBM သုတေသနပညာရှင် ရော်နယ် လူချ်တန့်က ပြောသည်။

မြန်နှုန်းမြင့် စူပါကွန်ပျူတာ အများစုမှာ အရွယ်အစားပမာဏ ကြီးမားကြပြီး အချို့သော ကွန်ပျူတာများမှာ နေအိမ်တိုက်ခန်းတစ်ခုထက်ပင် ကြီးမားသည့်အတွက် IBM မှ ရည်မှန်းထားသည့် ကွန်ပျူတာ ဖြစ်မြောက်မည်ဆိုပါက ကမ္ဘာ့အသေးဆုံး မြန်နှုန်းမြင့် စူပါကွန်ပျူတာဖြစ်လာမည်ဖြစ်သည်။

ဇူလိုင်လ ၃ ရက်နေ့က ပြုလုပ်သည့် ကွန်ပျူတာပြပွဲတစ်ခု၌လည်း IBM က စမက်ဖုန်းအရွယ် မိုက်ခရိုကွန်ပျူတာတစ်ခုကို ပြသခဲ့သေးပြီး ပုံမှန်ကွန်ပျူတာများကဲ့သို့မဟုတ်ဘဲ Motherboard, CPU တို့မှ သီးခြားစီ ဖွဲ့စည်းထားသော ကွန်ပျူတာအမျိုးအစားဖြစ်သည်။

အဆိုပါ စမတ်ဖုန်းအရွယ် ကွန်ပျူတာဖြင့် အခြားသော ကွန်ပျူတာ ၁၂၈ လုံးဖြင့် တွဲစပ်အသုံးပြုပြခဲ့ရာ အခြားသော ဆာဗာအဖြစ်အသုံးပြုသည့် ကွန်ပျူတာများကဲ့သို့ပင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် အခြားသော မြန်နှုန်းမြင့်စူပါကွန်ပျူတာများတွင် အသုံးပြုရသည့် လျှပ်စစ်ပမာဏထက် နည်းသည့် ပမာဏကိုသာအသုံးပြုရပြီး ၅၅ မှ ၆၀ ဝပ်ထိသာ သုံးစွဲရသည်။

Ref : computerworld.com

# ကမ္ဘာကျော် BMW မှ စက်ရုံလုပ်သားများအတွက် 3D Printing နည်းပညာသုံး လက်အိတ်များ စတင်အသုံးပြု

ကားထုတ်လုပ်ရေးလုပ်ငန်း၌ ကမ္ဘာကျော် အမှတ်တံဆိပ်ဖြစ်သည့် BMW မှ ကားထုတ်လုပ်ရေးစက်ရုံဝန်ထမ်းများအတွက် နောက်ဆုံးပေါ် 3D Printer ဖြင့် ပုံစံထုတ်လုပ်ထားသည့် လက်အိတ်များအား စတင်အသုံးပြုနိုင်းနေပြီဖြစ်သည်။

အဆိုပါ လက်အိတ်များမှာ လက်မနေရာအတွက် အဓိကထား ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး ကားထုတ်လုပ်ရေးလုပ်ငန်းစဉ်အတွင်း ထိခိုက်နစ်နာမှုနည်းပါးစေရန်အတွက် အဓိက ရည်ရွယ်ခြင်း ဖြစ်သည်။

ယင်းလက်အိတ်များကို မြူးနစ်မြို့ရှိ BMW ကားစက်ရုံ၌ စတင်အသုံးပြုစေခြင်းဖြစ်ပြီး လက်အိတ်များထုတ်လုပ်ရန်အတွက် မြူးနစ်နည်းပညာတက္ကသိုလ်မှ အကူအညီပေးခဲ့ခြင်းဖြစ်သည်။

ကားတည်ဆောက်မှုလုပ်ငန်းအတွင်းသက်ဆိုင်ရာအစိတ်အပိုင်းအလိုက် လိုအပ်သော ရာဘာဘွတ်ရှ်များတပ်ဆင်ရာတွင် အားစိုက်လုပ်ဆောင်ရသည့်အပိုင်းများ ပါရှိပြီး ယင်းသို့ လုပ်ဆောင်ရာ၌ ဝန်ထမ်းများအနေဖြင့် သက်သောင့်သက်သာရှိရန်နှင့် ထိခိုက်မှုနည်းပါးစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။ ယခင်က 3D Printing နည်းပညာအား အဆောက်အအုံပုံစံဒီဇိုင်းများ၊ သုံးဖက်မြင်ရုပ်ကြွကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌အသုံးပြုခဲ့ရာမှ ယခုကဲ့သို့ စက်မှုလုပ်ငန်းသုံးလက်အိတ်အဖြစ်ထုတ်လုပ်ခြင်းမှာ ပထမဆုံးဖြစ်သည်။






BMWအနေဖြင့် 3DPrinting နည်းပညာသုံးစွဲခဲ့ခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင် ဗြိတိန်မသန်စွမ်းသူများအဖွဲ့အတွက် ပြုလုပ်ပေးခဲ့သည့် BMW အမှတ်တံဆိပ်ပါ ထိုင်ခုံများအတွက် အသုံးပြုခြင်းဖြစ်သည်။

BMW ကို ၁၉၁၇ ခုနှစ်က တည်းက လေယာဉ်အင်ဂျင်ထုတ်လုပ်ရေးလုပ်ငန်းအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်မူ မော်တော်ကားနှင့်ဆိုင်ကယ် အမျိုးအစားပေါင်း ၂၃ မျိုးထုတ်လုပ်ကာ နိုင်ငံပေါင်း ၁၃ နိုင်ငံ၌ စက်ရုံများ တည်ဆောက်ထားသည်။

စက်ရုံထုတ်ပစ္စည်း ရောင်းအားအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း ကားအစီးရေ ၂ မီလီယံနှင့် ဆိုင်ကယ်အစီးရေ ၁၁၅၂၁၅ စီးကို ကမ္ဘာတစ်ဝန်း၌ ရောင်းချခဲ့ရသည်။

Ref : cnet.com

# ဖုန်းအပါအဝင် လျှပ်စစ်ပစ္စည်းများအား စစ်ဆေးခံပြီးမှ သယ်ဆောင်ရန် အမေရိကန်အစိုးရ သတ်မှတ်




အမေရိကန်သို့ တိုက်ရိုက်လေကြောင်းလိုင်းများဖြင့် လာရောက်မည့် ခရီးသည်များအနေဖြင့် တစ်ကိုယ်ရေသုံး စမတ်ဖုန်းများအပြင် လျှပ်စစ်ပစ္စည်းများအား လေဆိပ်တွင် စစ်ဆေးခံပြီးမှသာလျှင် သယ်ဆောင်ခွင့်ပြုရန် အမေရိကန် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုံခြုံရေးအဖွဲ့မှ ဇူလိုင် ၅ ရက်က ထုတ်ပြန်လိုက်သည်။

ယင်းသို့ လျှပ်စစ်ပစ္စည်းများ သယ်ဆောင်ရာတွင် လျှပ်စစ်ဓာတ်အား မရှိသည့် ပစ္စည်းအား လေယာဉ်ပေါ်သို့ သယ်ဆောင်ခွင့် မပြုရန် ကြေညာထားပြီး ခရီးသည်ကိုလည်း လုံခြုံရေးအရ စစ်ဆေးရေးကိရိယာဖြင့် စစ်ဆေးသွားရန် ညွှန်ကြားထားသည်။

မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ စစ်ဆေးစုံစမ်းခြင်းများ ပြုလုပ်သည်ကိုမူ အမေရိကန် သယ်/ပို့ လုံခြုံရေးအဖွဲ့မှ ထုတ်ပြန်ထားခြင်း မရှိသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ပစ္စည်းများအား ဗုံးအဖြစ် အသုံးပြုရာတွင် အသုံးပြုခြင်းများကြောင့် ဖြစ်နိုင်ကြောင်း ခန့်မှန်းနေကြသည်။

''ခရီးသွား ပြည်သူများခင်ဗျာ၊ မိမိတို့ရဲ့ လျှပ်စစ်ပစ္စည်းတွေကို လုံခြုံရေးအရာရှိထံ သွားရောက်စစ်ဆေးခံပေးပါရန်'' ဟုသာ ထုတ်ပြန်ချက်၌ ပါရှိသည်။

အမေရိကန် အမိမြေလုံခြုံရေးဌာန အတွင်းရေးမှူးဖြစ်သူ ဂျက်ခ်ဂျွန်ဆင်ကမူ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြောကြားခဲ့ရာ၌ ပြည်ပလေဆိပ်များမှ အမေရိကန်သို့ တိုက်ရိုက်ရောက်ရှိလာမည့် ခရီးသည်များအား စစ်ဆေးမှုမှာ လေကြောင်းဆိုင်ရာ လုံခြုံရေး တိုးမြှင့်လိုက်သည့် သဘောသာဖြစ်ကြောင်း ပြောကြားခဲ့မှုသည်။

Ref : pcworld.com

# အမေရိကန်တစ်ဝန်း အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် လေဆိပ်အားလုံး လုံခြုံရေးတပ်လှန့်




အမေရိကန်ပြည်ထောင်စု၏ အလားအလာအရှိဆုံး ခြိမ်းခြောက်မှုအပေါ် နိုးဆော်သတိပေးချက်များကို အရေးယူတုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဗြိတိန်နိုင်ငံ အပါအဝင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း လေဆိပ်များအားလုံးကို လုံခြုံရေးများအထူးတင်းကျပ်ထားသည်။

သို့ရာတွင် အထူးအလေးပေးစီမံဆောင်ရွက်နေသည့် ထောက်လှမ်းရေးဆိုင်ရာ အကြောင်းဟုတ်၊ မဟုတ်နှင့်ပတ်သက်ပြီး မိမိမပြောဆိုနိုင်သေးသော်လည်း သတ်မှတ်မျှော်မှန်းထားသည့် အချိန်တစ်ချိန်တွင် အဖြစ်နိုင်ဆုံး ခြိမ်းခြောက်မှုတွေအတွက် လုံခြုံရေးအစီအမံများကို ပြောင်းလဲကာကွယ်ရမည်ဖြစ်ကြောင်း အမိမြေလုံခြုံရေးအကြီးအကဲက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာနှင့်အဝန်းမှ အကြမ်းဖက်သမားများ၏ အလွယ်ဆုံးနှင့် အမြင်သာဆုံး အဓိကပစ်မှတ်သည် လေဆိပ်များဖြစ်သည့်အတွက် လေဆိပ်အပါအဝင် လေကြောင်းဆိုင်ရာပစ်မှတ်များကို ကာကွယ်ရေးအတွက် လုံခြုံရေးအစီအမံများ အဆင့်မြှင့်ပြီး ဆောင်ရွက်ထားရသည်ဟု ဆိုသည်။

မိမိတို့လုံခြုံရေး အစီအမံများကြောင့် ခရီးသွားများစိတ်အနှောင့်အယှက် ဖြစ်နေပါသည်။ သို့သော် မိမိတို့ စိတ်အနှောင့်အယှက်အနည်းဆုံးသာ ဖြစ်အောင်စီမံဆောင်ရွက်ထားကြောင်း တာဝန်ရှိသူကပြောကြားသည်။ မကြာမီရက်အတွင်း လုံခြုံရေးသတိပေး၊ အသိပေးမှုဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ပြင်ဆင်ထားမည်ဖြစ်သည်။

အနောက်နိုင်ငံများမှ ထောက်လှမ်းရေးကျွမ်းကျင်ပညာရှင်များက အယ်လ်ကိုင်ဒါးအဖွဲ့အစည်း၏ ဗုံးထုတ်လုပ် အဆင့်မြင့်ကျွမ်းကျင်ပညာရှင်များ ယီမင်နိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသည့် အရေအတွက်သည် တစ်နေ့တခြား များပြားလျက်ရှိသည်ဟုဆိုသည်။

လေဆိပ်လုံခြုံရေး အစီအမံများကို ရှောင်တိမ်းနိုင်ပြီး မိမိအလိုအလျောက် ရှင်သန်နိုင်ပြီး အလွယ်တကူ တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်နိုင်သည့် ဗုံးကို ပြုလုပ်နိုင်သည့် ဆော်ဒီလူမျိုး ဗုံးကျွမ်းကျင်သူ အီဗရာဟင်အယ်လ်အဆီရီသည် ယီမင်နိုင်ငံတွင် ရောက်ရှိပုန်းအောင်နေသည်ဟု သတင်းများက အတည်ပြုပြောဆိုလျက်ရှိသည်။ အချို့သောဗုံးကျွမ်းကျင်သူများသည် ဥရောပနိုင်ငံသား နိုင်ငံကူးလက်မှတ်များကိုင်ဆောင်လျက် ဆီးရီးယားနိုင်ငံတွင် ရောက်ရှိနေကြပြီဟုလည်း ပြောဆိုနေကြသည်။

အယ်လ်ကိုင်ဒါများ တီထွင်ထားသော ခေတ်မီဗုံးမှာ "သတ္တုမပါ အခိုးအနည်းငယ်သာထွက်သည့်ပေါက်ကွဲပစ္စည်း non-metallic low-vapour explosive" ဖြစ်သည်။ ဗုံးသည် အမာထည်ဖြစ်သော်လည်း စုံစမ်းထောက်လှမ်းရန်မလွယ်ကူသည့် အမျိုးအစားဟုဆိုသည်။ **Ref:BBC**



## တရုတ်နှင့် ဂျာမနီ အထူးဆက်ဆံရေးကဏ္ဍသစ် စတင်

ဂျာမနီနှင့် တရုတ်နိုင်ငံ အကြား နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုလေးနက်ခိုင်မြဲစေရန်အတွက် ဂျာမနီအဓိပတိ အန်ဂယ်လာမာကဲ(လ်)သည် ယခု သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်။ ပေကျင်းတွင် ရောက်ရှိနေသည့် အန်ဂယ်လားသည် တရုတ်ဝန်ကြီးချုပ် လီကီကျိုယန်းနှင့်လည်းကောင်း၊ တရုတ်သမ္မတ ရှီကျင်းပင်နှင့်လည်းကောင်း သီးခြားစီ နှစ်ဖက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခုတွေ့ဆုံဆွေးနွေးပွဲသည် လွန်ခဲ့သည့် မတ်လအတွင်း တရုတ်သမ္မတကြီး ရှီကျင်းပင် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ခေတ္တဝင်ရောက်တွေ့ဆုံပြီးနောက် သုံးလအကြာတွင် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

တရုတ်သံတမန်များကနဦးခန့်မှန်းသုံးသပ်သကဲ့သို့ပင် ခရီးစဉ်၏ အခြေခံအကြောင်းတရားကို ခန့်မှန်းရလျှင် စီးပွားရေးအကြောင်းအရာသီးသန့်ဖြစ်သည်။ မာကဲ(လ်)နှင့် အတူလိုက်ပါလာသည့် စီးပွားရေးကိုယ်စားလှယ်များသည် တရုတ်ဂျာမနီစီးပွားရေးနှင့် ကုန်သွယ်ရေးကော်မရှင်တို့နှင့် နှစ်နိုင်ငံစီးပွားရေးတိုးမြှင့်ဆက်သွယ်မည့်အကြောင်းအရာကို ဦးစားပေးဆွေးနွေးကြသည်။ မတ်လအတွင်း သမ္မတရှီ ဂျာမနီကိုလာရောက်ခဲ့စဉ်က သဘောတူညီခဲ့သည့် စီးပွားရေးသဘောတူစာချုပ်များကို ဆက်လက်လုပ်ဆောင်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မာကဲ(လ်)မျှော်လင့်သည်။ ယင်းစာချုပ်တွင် တရုတ်ယွမ်ငွေ (RMB) အမိုအခိုအကန့်အသတ်ကင်းစွာ Frankfurt ဈေးကွက်တွင် ရပ်တည်နိုင်ရေးများ ပါဝင်သည်။ ဝန်ကြီးချုပ်နှင့် အဓိပတိနှစ်ဦးစလုံးက နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ဘဏ္ဍာရေးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လိုကြပြီး ယဉ်ကျေးမှု ဖလှယ်ရေးကိုလည်း မြှင့်တင်ဆောင်ရွက်လိုကြသည်။

သို့ရာတွင် တရုတ်ဂျာမနီဆက်ဆံရေးတွင် ကုန်သွယ်ရေးထက်ပိုမိုသော အကြောင်းအရာတစ်ရပ်ရှိသည်။ ပေကျင်းက ဂျာမနီနှင့်သာမက အခြားသော ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးပိုမိုကျယ်ပြန့်လိုသည်။ အထူးသဖြင့် လုံးဝမြုံငုံပြောဆိုရလျှင် ဥရောပသမဂ္ဂအဖွဲ့-ဥရောပယူနီယံနှင့် မဟာမိတ်ဖက်ဖြစ်လိုသည်။ သို့မို့ကြောင့် EU ၏ ဩဇာတိက္ကမကြီးမားသည့် နိုင်ငံများထဲက ဘက်စုံဩဇာတိက္ကမကြီးသည့် ဂျာမနီနိုင်ငံနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးထူထောင်နိုင်ခြင်းသည် တရုတ်နိုင်ငံ၏ အရေးကြီးဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်ပြီး ဥရောပကောင်စီ၏ ၂၀၁၂ခုနှစ် အစီရင်ခံစာတွင် "အထူးဆက်ဆံရေးကဏ္ဍသစ်" သည် တရုတ်နှင့် ဂျာမနီအကြား စတင်ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ဘာလင်သည် EU နိုင်ငံများအတွင်း ပိုမိုတန်ခိုးဩဇာသက်ရောက်ကြောင်း စိန်ခေါ်ပြောဆိုသည့်အပေါ် ဥရောပကောင်စီက ယင်း၏ အစီရင်ခံစာတွင် ရည်ညွှန်းပြောဆိုထားသည်။ **Ref: BBC**



## တရုတ်နိုင်ငံ၏ ကမ္ဘာကျော်ပန်ဒါဒီပလိုမေစီဖြင့် တောင်ကိုရီးယားကို သိမ်းသွင်းနေပြီလား

တရုတ်နိုင်ငံသည် စီးပွားရေးအရ အင်အားကြီးနေရာမှ ဧရာမအနေအထားကို ရောက်ဖို့အတွက် ယခုသီတင်းပတ်တစ်ပတ် နှစ်ပတ်အတွင်းအားထုတ်မှုတွေကိုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ သုံးသပ်သူတွေကတော့မြောက်ကိုရီးယားကို စိတ်အချဉ်ပေါက်ပြီး အရွှဲ့တိုက်ကာ တောင်ကိုရီးယားသို့ အလုပ်သဘော အလည်အပတ်ခရီးသွားရောက်ကြောင်း သုံးသပ်ချက်များရှိသည်။ ယခုရက်ပိုင်းအတွင်းမှာလည်း ဂျာမနီနိုင်ငံ အဓိပတိအန်ဂယ်လာမာကဲ(လ်)နှင့် သမ္မတ ရှီ ရောဝန်ကြီးချုပ်လီပါ ဈေးကွက်ကျယ်ပြန့်ရေး၊ တရုတ်ယန်မိဘိ နိုင်မာရေးနှင့် EU အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဂျာမနီနိုင်ငံနှင့်ဆက်ဆံရေး ကောင်းမွန်ပြီး ရောင်းပန်းဝယ်ပန်းသာရေး ညှိခံဆောင်ရွက်လျက်ရှိသည်။

မကြာခင်ရက်ပိုင်းက တရုတ်သမ္မတ ရှီကျင်းပင် တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရာတွင် မစ္စတာရှီနှင့်အတူ တောင်ကိုရီးယားအကြိုက် ပန်ဒါဝက်ဝံဖြူများကို လက်ဆောင်အဖြစ် ယူဆောင်သွားခဲ့သည်။ တောင်ကိုရီးယားကို "ပန်ဒါဒီပလိုမေစီ" (Panda Diplomacy) နှင့် တရုတ်က သိမ်းသွင်းတော့မည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုမှုတွေ ထွက်ပေါ်လာသည်။ တရုတ်၊ ကိုရီးယားနှစ်နိုင်ငံ မိတ်ဆွေဖြစ်မှု၏ ပြယုဂ်အဖြစ် တောင်ကိုရီးယားပြည်သူတွေက တရုတ်သမ္မတရှီကျင်းပင်၏ လက်ဆောင်ပန်ဒါနှစ်ကောင်ကိုကြိုက်နှစ်သက်ကြသည်။

၁၉၉၄ခုနှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန် တရုတ်ကတောင်ကိုရီးယားကိုယခုလိုမျိုး ပန်ဒါဝက်ဝံဖြူများကို လက်ဆောင်အဖြစ် ပေးခဲ့ဖူးသည်။

ပန်ဒါများသည်ပြုန်းတီးတော့မည့် ရှားပါးတိရစ္ဆာန်စာရင်းဝင်အကောင်များ ဖြစ်သော်လည်း တရုတ်က အခြားနိုင်ငံများသို့ အခကြေးငွေများဖြင့်ငှားရမ်းလျက်ရှိသည်။

တရုတ်နိုင်ငံမှ ပန်ဒါဝက်ဝံဖြူများ ငှားရမ်းခသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သန်းဖြစ်ပြီး ပန်ဒါတစ်ကောင်သည် တစ်နေ့လျှင် ဝါး ၄၀ ကီလိုဂရမ်စားသုံးသည်။

ပန်ဒါဒီပလိုမေစီသည် ၁၉၄၁ ခုနှစ်ထိုစဉ်က တရုတ်သမ္မတ ချန်ကေရှိတ်လက်ထက် တရုတ်ဂျပန်စစ်ပွဲတွင် အမေရိကန်က တရုတ်ဘက်မှ ဝင်ရောက်ကူညီသည့်အတွက် အမေရိကန်ပြည်ထောင်စုသို့ ချန်ကေရှိတ်က ပန်ဒါများ လက်ဆောင် ပေးခဲ့ဖူးသည်။ ပန်ဒါဒီပလိုမေစီနှင့် ပတ်သက်ပြီး ထင်ရှားသည့်နောက်ထပ် သာဓကတစ်ရပ်ကတော့ ၁၉၇၂ခုနှစ် တရုတ်နိုင်ငံကို ထိုစဉ်က အမေရိကန်သမ္မတလာရောက် လည်ပတ်ခဲ့သည်ကို ဂုဏ်ပြုသည့် အနေဖြင့် ပန်ဒါဝက်ဝံတစ်စုံကို အမေရိကန်ပြည်ထောင်စုသို့ လက်ဆောင်အဖြစ်ပေးခဲ့သည့်သာဓကရှိသည်။

ထို့ကြောင့် ပန်ဒါဒီပလိုမေစီသည် တရုတ်နှင့် အခြားနိုင်ငံများ ဆက်ဆံရေးတိုးတက်အောင်ဆောင်ရွက်ရာတွင် သံခင်းတမန်ခင်းအရ အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိသည်။ အမေရိကန်ပြည်ပေါက် ပန်ဒါဝက်ဝံများ မနှစ်က ရက် ၁၀၀ ပြည့်မွေးနေ့ကျင်းပရာသို့ တရုတ်အမေရိကန်ထင်ရှားသည့်နိုင်ငံရေးသမားများတက်ရောက်ချီးမြှင့်ခဲ့သည်။

တရုတ်သည် အလားတူ ပန်ဒါဒီပလိုမေစီအရ ဂျပန်နိုင်ငံသို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးစတင်ထူထောင်သည့် အထိမ်းအမှတ်အဖြစ် ၁၉၇၂ခုနှစ်တွင် ဂျပန်သို့ ပန်ဒါများဖြင့် သံခင်းခဲ့သည်။ ထို့အတူ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် မက္ကဆီကို နိုင်ငံများသို့လည်း ပန်ဒါဖြင့် သံခင်းခဲ့ပါသည်။ ထိုင်ဝမ်နိုင်ငံကိုတောင် လွန်ခဲ့သည့် (၅)နှစ်က ပန်ဒါဖြင့် သံခင်းခဲ့သေးသည်။ **Ref: BBC**

The Myanmar Herald
www.myanmarthandawsint.com

# ကြံ့ခိုင်ရေးပဟိုကော်မတီဝင် ရောတိုင်းအတွင်းရေးမှူးကို အရေးယူပေးရန်

စာမျက်နှာ ၃၄ သို့ ➤




ဦးအောင်တင်မြင့်၏ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကာလ မဲဆွယ်ဆိုင်းဘုတ်ကို ပုသိမ်မြို့ အစိုးရအဖွဲ့ရုံးရှေ့၌ တွေ့ရစဉ်





## ဓမ္မသံတော်ဆင့် စာစဉ် (၁)

- သမ္မတဦးသိန်းစိန်နှင့် ''ဆေးပေါင်းခတဲ့ည'' ယတြာ
- သံဃာတော်များက အစိုးရကို သပိတ်မှောက်ပွဲ
- ၂၀၁၄အတွင်း ရုရှားမှစ၍ တတိယကမ္ဘာစစ်ဖြစ်မည်ဟူသော ဟောကိန်း
- ဘုရားအဆူပေါင်း တစ်ထောင်ကျော် ထီးတင်ခဲ့သည့် မင်းသမီးကြီး
- ဂန္ဓာရီ၊ မှော်ပညာ၊ နက္ခတ္တဗေဒ၊ မြန်မာ့ရိုးရာဗေဒင်နှင့် လောကီရေးရာ စာပေါင်းစုံလင်စွာ စုစည်း၍ ဓမ္မသံတော်ဆင့်စာပေတိုက်မှ စာစဉ်(၁)အဖြစ်ထုတ်ဝေပါသည်။

**စာမူများပေးပို့နိုင်ပါသည်။**

- ဓမ္မသံတော်ဆင့်စာစဉ် အတွက် လောကီ၊ လောကုတ္တရာရေးရာ၊ ဗေဒင်၊ ဂန္ဓာရီ တိုင်းရင်းဆေး၊ လျှို့ဝှက်ဆန်းကြယ်၊ ရသနှင့် ဗဟုသုတဆိုင်ရာစာမူ အမျိုးမျိုး ကို ပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ပထမဆုံးအကြိမ် စာမူစတင်ပေးပို့သူများအနေနှင့် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ တစ်ပုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့်အတူ ကိုယ်တိုင်ရေးသားသောစာမူဖြစ်ကြောင်းဝန်ခံချက်တစ်စောင် တို့ကို ထည့်သွင်း ပေးပို့ပါရန်။

မှတ်ချက်။ ။ ပထမဆုံးအကြိမ် စာမူစတင်ပေးပို့သူများအနေနှင့် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ တစ်ပုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့်အတူ ကိုယ်တိုင်ရေးသားသောစာမူဖြစ်ကြောင်းဝန်ခံချက်တစ်စောင် တို့ကို ထည့်သွင်း ပေးပို့ပါရန်။

**ဖြန့်ချိရေး– ရွှေနီလာစာပေ။**
အမှတ်(၆/၈)၊၄လွှာ၊ လမ်းသွယ်(၃)၊
ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း – ၀၁ ၉၀၁၀၀၂၆၊ ၀၉ ၄၃၁၃၆၈၅၂၊ ၀၉ ၄၂၈၂၀၁၉၅၇။**




"အချို့သော အချက်အလက်များသည်သက်ဆိုင်ရာ၏သည်းခံနိုင်မှု အချိန်အဆ မည်မျှရှိမည်ကိုမသိရသဖြင့် ချန်လှပ်ထားသည်များရှိသည်ဟုလည်း ရေးသားထားသည်ကိုတွေ့ရသဖြင့် ထပ်မံသိလိုစိတ်ပင် ဖြစ်ခဲ့ရပေသည် . . ."

သမိုင်းပညာရှင်ဒေါက်တာမြင့်သိန်း
(အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင်)၏ အမှာစာနှင့်

မောင်ရေစက်၏

## ကြံ့ခိုင်ရေးဘာလဲ ဘယ်လဲ

"ဗိုလ်ခေါင်းစဉ်နှင့် ပြောတဲ့သဘောအရဆိုရင် အင်မတန်ကောင်းပါတယ်။ ပါတီဟာ တစ်ဦးတစ်ယောက်အတွက် အဖွဲ့အစည်းအတွက် ဆိုရင် ပါတီရှင်သန်မှာမဟုတ်ဘူး။ ပြည်သူမထောက်ခံဘဲ၊ ပြည်သူမယုံကြည်ဘဲ ပါတီအတွက် ဘာမှ မရရှိနိုင်ဘူး . . ."

သူရဦးရွှေမန်း
ပြည်ထောင်စုလွှတ်တော် နာယက၊ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ



ရွှေနီလာစာပေမှ တစ်ပြည်လုံး ဖြန့်ချိသည်။
ဖုန်း - ၀၉ ၄၃၁၃၆၈၅၂၊ ၀၉ ၄၂၈၂၀၁၉၅၇၊ ၀၉ ၄၂၀၁၁၈၅၃၄

## အေးငြိမ်းချမ်းသာ ထီထိုးသူမိဘပြည်သူအပေါင်းနှင့် အေးငြိမ်းချမ်းသာ ထီများအား

တစ်ဆင့် ပြန်လည် ရောင်းချပေးပါသော ကျေးဇူးရှင် ထီကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ။

(၃၀၇)ကြိမ်မှ စတင်၍

ကျပ်သိန်း (၁၀၀)မင်္ဂလာစုံတွဲစနစ်အစား ⟶ ကျပ်သိန်း (၁၀၀) (တစ်ဆုချင်းဆု)

ကျပ်သိန်း (၁၀၀)မင်္ဂလာစုံတွဲစနစ်အစား ⟶ ကျပ်တစ်သိန်း ပဒေသာယူနစ်တွင် ရှေ့ဂဏန်း ၄လုံးအစဉ်လိုက်တူလျှင် ၁ သိန်းရပါမည်။

ကျပ်သိန်း (၁၅၀၀)မိတ်သဟာပူးတွဲဆုအစား ⟶ ကျပ်ငါးသောင်း ပဒေသာယူနစ်ဆုတွင် ရှေ့ဂဏန်း ၄လုံး အစဉ်လိုက်တူလျှင် ၅ သောင်းရပါမည်။

စသည်ဖြင့် အစားထိုး ပြောင်းလဲဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်မိသားစု
၀၉ ၅၁၂၁၉၃၁

၃၀၇ ကြိမ်မှစတင်၍ အမှတ် ၁၄၊ ရန်ကင်း အောင်ရှင်းရပ်၊ အောင်သစ္စာလမ်း၊ မုံရွာမြို့တွင်အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်အား တိုးချဲ့ဖွင့်လှစ်လိုက်ပါသည်။ မုံရွာမြို့နေ ထီဝါသနာရှင်များ လာရောက်အားပေး ကံစမ်းနိုင်ပါရန် သတင်းကောင်းပါးအပ်ပါသည်။